# လုပ်ကွက်ငယ်တောင်သူများနှင့်အတူရှေ့သို့ချီတက်ခြင်း- သာတူညီမျှ ကြီးပွားရေးအတွက် အများပါဝင်နိုင်သည့် မူဝါဒချမှတ်ခြင်း

## Summary

2019 Metta Development Foundation

# လုပ်ကွက်ငယ်တောင်သူများနှင့်အတူရှေ့သို့ချီတက်ခြင်း- သာတူညီမျှ ကြီးပွားရေးအတွက် အများပါဝင် နိုင်သည့် မူဝါဒချမှတ်ခြင်း

## Contents


**ကျေးဇူးတင်အသိအမှတ်ပြုခြင်း** ........ 2

၁။ မျိုးစေ့နှင့်စပ်လျဉ်း၍ မူဝါဒရေးရာ တိုးတက်စေရေး နှင့်အသိအမြင်ပွင့်လင်းလာစေရေး သုတေသန၏ နောက်ခံ ........ 3

၂။ ဤစာတမ်းအတွက် အချက်အလက် ကောက်ယူပုံ ........ 4

၃။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဇီဝမျိုးပဒေသာ ........ 5

၄။ မြန်မာနိုင်ငံ မျိုးစေ့စနစ်များ ........ 6

၅။ မြန်မာနိုင်ငံ၏ စိုက်ပျိုးစီးပွားမူဝါဒများနှင့် ဥပဒေများကို လေ့လာခြင်း ........ 7

၆။ ဖိရိုးဖလာစိုက်ပျိုးရေး အသိပညာများ၏ အခန်းကဏ္ဍ၊ ထိုအသိပညာများရပိုင်ခွင့်နှင့် အကျိုးအမြတ်ခွဲဝေခံစားခွင့် ........ 17

မျိုးစေ့သိမ်းဆည်းခွင့်၊ သုံးစွဲခွင့်၊ ဖလှယ်ခွင့်နှင့် ရောင်းချခွင့် ........ 20

၇။ အဆုံးအဖြတ်များပြုလုပ်ရာတွင် ပါဝင်နိုင်မှုအခွင့်အရေး ........ 23

၈။ ဇီဝလုံခြုံရေး ........ 25

၉။ ရေရှည်ခံဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် လူ့အခွင့်အရေး ........ 25

ရေရှည်ခံဖွံ့ဖြိုးရေး ရည်မှန်းချက်# ၂ - ငတ်မွတ်ခေါင်းပါးမှုကို ပပျောက်အောင်ဆောင်ရွက်ရန် .... 25

၁၀။ စားနပ်ရိက္ခာရပိုင်ခွင့် အခွင့်အရေး ........ 27

၁၁။ အမျိုးသမီးအခွင့်အရေး ........ 27

၁၂။ ဌာနေတိုင်းရင်းသားနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ........ 27

၁၃။ ရာသီဥတုပြောင်းလဲလာမှုအတွက် မျိုးစေ့ ကဏ္ဍတွင် ပြင်ဆင်စရာများ ........ 28

၁၄။ တောင်သူတို့အတွက် မျိုးစေ့ဘဏ် ........ 31

၁၅။ အကြံပြုချက်များ ........ 31

## ကျေးဇူးတင်အသိအမှတ်ပြုခြင်း

“လုပ်ကွက်ငယ်တောင်သူများနှင့်အတူ ရှေ့သို့ချီတက်ခြင်း- သာတူညီမျှ ကြီးပွားရေးအတွက် အများပါဝင်နိုင်သည့် မူဝါဒ ချမှတ်ခြင်း (Policy Research and Awareness Improvement on Seeds -PRAISE) သုတေသန” လုပ်ငန်း စဉ်တွင် အချိန်ပေး ပါဝင်ဆွေးနွေးခဲ့သည် ကချင်၊ ကယား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ဧရာဝတီတိုင်း တို့၏ မြို့နယ်ပေါင်း (၂၁) မြို့နယ်မှ ကျေးရွာပေါင်း ၃၅ ရွာရှိ အမျိုးသမီး အမျိုးသား တိုင်းရင်းသား လယ်သမားများ၊ ရပ်မိရပ်ဖများ၊ ရပ်ကျေးအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ မျိုးစေ့ကုန်သည်များ၊ နေပြည်တော်ရှိ သက်ဆိုင်ရာ အစိုးရဌာနအသီးသီးမှ တာဝန်ရှိသူများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရန်ကုန်မှ မျိုးစေ့လုပ်ငန်းရှင်များသည် ဤသုတေသနရလဒ် အချက်အလက်များ၏ မူလပိုင်ရှင်များ ဖြစ်သည်။

သုတေသနလေ့လာဆန်းစစ်မှု လုပ်ငန်းစဉ်တစ်ခုလုံး အစမှ အဆုံးသည့်တိုင် အတူတကွ လက်တွဲကူညီခဲ့သည့် မိတ်ဖက်အဖွဲ့များဖြစ်သော ကချင်ပြည်နည်မှ နမ့်ကျူပရဟိတ ဖောင်ဒေးရှင်း၊ ကချင်နှစ်ခြင်းခရစ်ယာန် သာသနာ (KBC)၊ ရှမ်းပြည်နည် မြောက်ပိုင်းမှ KMSS-Lashio, Green Land, Heart Land, ရှမ်းပြည်နယ် တောင်ပိုင်းမှ KMSS-Taunggyi, လယ်သမားနှင့် မြေယာသမဂ္ဂ (FLU), ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် တောင်သူလယ်သမား ဖွံ့ဖြိုးရေး (ECFD)၊ ရွှေမြေကြီး Golden Ground၊ ကလျာဏမိတ္တ ဖွံ့ဖြိုးရေး ဖောင်ဒေးရှင်း(KMF)၊ နှလုံးလှအင်း မောင်မယ်အဖွဲ့၊ အင်းလေးတောင်သူ လယ်သမားများအဖွဲ့၊ Future Organic Farm နှင့် မိုင်းပန်လူငယ်အဖွဲ့၊ ကယားပြည်နယ်မှ KMSS-Loikaw, ကယားနှစ်ခြင်းခရစ်ယာန် ဖွံ့ဖြိုးရေးဌာန (KBA-CSSDD)၊ ဧရာဝတီတိုင်း ဒေသကြီးမှ KMSS-Pathein, GPI, စားနပ်ရိက္ခာဖူလုံမှု ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ (FSWG) တို့၏ အချိန်၊ လူအားနှင့် နည်းပညာအတွေ့အကြုံအင်အားကို အသိအမှတ်ပြု ကျေးဇူးတင်ပါသည်။ တန်ဖိုးမဖြတ်နိုင်သော နည်းပညာများဖြင့် အနီးကပ်ကူညီပံ့ပိုးသည့် SEARICE၊ မြန်မာဘာသာပြန်ခြင်းနှင့် အနှစ်ချုပ်တင်ပြမှုကို ကူညီပေး ခဲ့သည့် ဒေါက်တာနွဲ့ကေခိုင်၊ ရန်ပုံငွေကူညီပေးခဲ့သည် SWISSAID တို့ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ယခုစာတမ်းသည် လုပ်ကွက်ငယ်တောင်သူများနှင့်အတူ ရှေ့သို့ချီတက်ခြင်း- သာတူညီမျှ ကြီးပွားရေး အတွက် အများပါဝင်နိုင်သည့် မူဝါဒချမှတ်ခြင်း သုတေသနစာတမ်းအား အနှစ်ချုပ် တင်ပြထားခြင်း ဖြစ်သည်။

## ၁။ မျိုးစေ့နှင့်စပ်လျဉ်း၍ မူဝါဒရေးရာ တိုးတက်စေရေး နှင့်အသိအမြင်ပွင့်လင်းလာစေရေး သုတေသန၏ နောက်ခံ

စိုက်ပျိုးရေးသည် မြန်မာနိုင်ငံ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး၏ ၃၇.၈ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည်။ လယ်ယာလုပ်သားအင်အားစုကြီးသည် ကျေးလက်တွင်နေထိုင်သူများဖြစ်ကြပြီး နိုင်ငံလူဦးရေ၏ ၆၄.၈ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်။ မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်လုပ်နေသော မြေဧကပေါင်း ၅၃သန်းရှိပြီး ထိုလယ်ယာများ၏ ၉၅ ရာခိုင်နှုန်းခန့်ကို လုပ်ကွက်ငယ် တောင်သူ လယ်သမားများက လုပ်ကိုင်နေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရရှိသည့် ကောက်ပဲသီးနှံ အဆုံးအရှုံး အလွန်များသောနိုင်ငံဖြစ်သည်။ ကောက်ပဲသီးနှံများသည် (တစ်ရာသီလျှင် ထွက်နှုန်း၏ ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်း အထိ) ရိပ်သိမ်းချိန်လွန် နည်းပညာမရှိခြင်းနှင့် အခြောက်ခံစက်နှင့် ရိပ်သိမ်း ခြွေလှေ့စက်များ၊ သိုလှောင်ရန် ဂိုထောင်များမရှိခြင်းတို့ကြောင့် ဆုံးရှုံးနေရသည်။ အကျိုးဆက်မှာ တောင်သူလယ်သမားများသည် ၎င်းတို့၏ ဘဝရှင်သန်ရေးအတွက် ပင်ပန်းခဲယဉ်းစွာ လုပ်ကိုင် နေကြရခြင်းဖြစ်သည်။ ထို့ပြင် နိုင်ငံလူဦးရေ၏ တစ်ဆယ်ရာခိုင်နှုန်းခန့် (၅ သန်းခန့်) သည် အခြားနိုင်ငံ များ၏ နိမ့်ပါးသော လုပ်ငန်းခွင်များသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြရသဖြင့် လယ်ယာမြေများတွင် လုပ်ကိုင်လိုသူ နည်းပါးလာသည်။ ထို့ကြောင့် လုပ်ကွယ်ငယ် တောင်သူလယ်သမားများကို ထောက်ပံ့ ရန်နှင့် အနီးကပ် အသေအချာ ပူးပေါင်းဆောင်ရွက်ရန်မှာ မြန်မြန်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါသည်။ ပိုဆိုးသည်မှာ မြန်မာနိုင်ငံ အနာဂတ်စိုက်ပျိုးရေးကို ရာသီဥတုပြောင်းလဲခြင်းက ခြိမ်းခြောက်နေခြင်းပင် ဖြစ်သည်။ လက်ရှိတွင်မြန်မာနိုင်ငံ၏ ဇီဝပဒေသာအပေါ် ရာသီဥတုပြောင်းလဲခြင်းက မည်သို့ သက်ရောက်မှု ရှိသည်ကို သေသေချာချာ လေ့လာထားခြင်း မရှိသေးပါ။ သေချာသည်မှာ မြန်မာနိုင်ငံဒေသများစွာတွင် ကမ္ဘာ့ပူမြမ်းမှု အပူချိန်တိုးလာခြင်းကြောင့် ကြုံလာရမည့်အကျိုးဆက်များ ရှိနိုင်သည်။ သို့ဖြစ်ရာ တစ်ဖက်တွင် အရည်အသွေးကောင်း မျိုးသန့်မျိုးစေ့ ကျယ်ပြန့်လာအောင် ဆောင်ရွက်ရန်မှာ အရေးကြီးသလို တစ်ဖက်တွင် စိုက်ပျိုးဇီဝစုံလင်ကြွယ်ဝမှု ဖွံ့ဖြိုးမှုမရပ်တန့်စေရန်နှင့် စီးပွားရေး ဈေးကွက်ကြောင့် မျိုးစေ့များ ပျောက်ကွယ်ကာ တစ်နိုင်ငံလုံးတွင် ဈေးကွက်က ရောင်းပေးသော မျိုးစိတ်အနည်းငယ်ကိုသာ အားကိုး၍ စိုက်ပျိုးနေရခြင်းမျိုး မဖြစ်လာအောင် တားဆီးရန် အရေးကြီးပါသည်။ ထို့ကြောင့် အစိုးရသည် လယ်သမားများ၏ အာသီသနှင့် လယ်သမားတို့၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ၂။ ဤစာတမ်းအတွက် အချက်အလက် ကောက်ယူပုံ

မြေပြင်ရှိ အခြေအနေများကိုသိရှိနိုင်ရန် ကချင်၊ ကယား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အချက်အလက်များ၊ ဖြစ်ရပ်လေ့လာချက်များ (Case studies) ကို ကောက်ယူခဲ့ပါသည်။ စုစုပေါင်း၂၁ မြို့နယ်မှ ရွာပေါင်း ၃၅ ရွာခန့်ပါဝင်သည်။

ရပ်ရွာ အသီးသီးနှင့် တွေ့ဆုံသောအခါတွင် လေ့လာနေသော အကြောင်းအရာကို တည်၍ဝိုင်းဖွဲ့ ဆွေးနွေးသော FGD ပုံစံဖြင့် အချက်အလက်များကို ကောက်ယူခဲ့ပါသည်။ ထို့အတူ ရပ်မိ ရပ်ဖများ၊ လယ်ယာ စိုက်ပျိုးရေး ကဏ္ဍတွင် တက်ကြွ လှုပ်ရှားကြသော ရပ်ကျေးအုပ်ချုပ်သူများ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ မျိုးစေ့ကုန်သည်များနှင့်လည်း သီးခြားအင်တာဗျူး (Key Informants) များ မေးမြန်းခဲ့ပါသည်။

ရပ်ရွာများအား ဆန်းစစ် အကဲဖြတ်ခြင်းများကိုလည်း အောက်ပါနည်းလမ်းများသုံးကာ ဆောင်ရွက် ခဲ့ပါသည်။

- ရပ်ရွာ၏ သမိုင်းမှတ်တိုင်များကိုလေ့လာခြင်း၊
- သရုပ်ပြ သစ်ပင်ပုံဆွဲကာ လူ့အဖွဲ့အစည်း၏ ပြဿနာများကို အထူးလေ့လာခြင်း၊
- ရပ်ရွာကြုံရသည့် စိန်ခေါ်မှုများကို ဇယားချ၍ မည်သည့်ကိစ္စက မည်ရွေ့မည်မျှ အရေးကြီးကြောင်းလေ့လာခြင်း၊
- မျိုးစေ့များစီးဆင်းပုံကို မြေပုံဆွဲခြင်း၊
- မျိုးစေ့ကဏ္ဍနှင့် သက်ဆိုင်နေသူများ ထောင့်အသီးသီးမှနေ၍ အချင်းချင်း ချိတ်ဆက်ပုံကို ပုံဆွဲကာ ကြည့်ရှုခြင်း၊
- မျိုးစေ့ စီမံခန့်ခွဲမှု ဆောင်ရွက်နေကြပုံကို မက်ထရစ်ဇယား ဆွဲကြည့်ခြင်း စသည့်နည်းများဖြင့် ဆွေးနွေးခဲ့သည်။

နိုင်ငံတော်အဆင့်တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အစိုးရဌာနအသီးသီးမှ ပုဂ္ဂိုလ်များ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ရန်ကုန်မှ မျိုးစေ့လုပ်ငန်းများကိုလည်း အင်တာဗျူး ခဲ့သည်။

မျိုးစေ့ဆိုင်ရာ တည်ဆဲမူဝါဒများကိုလည်း ဆန်းစစ်ခဲ့ရာ အဓိကအားဖြင့် မြန်မာနိုင်ငံ မျိုးစေ့မူဝါဒ ၂၀၁၆၊ ၂၀၁၅ တွင် ပြန်လည် ပြင်ဆင်ထားသော မြန်မာနိုင်ငံ  မျိုးစေ့ဥပဒေ၊ ၂၀၁၆ တွင် ပြဋ္ဌာန်းလိုက်သည့် အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေ၊ မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍအတွက် လမ်းပြမြေပုံ၊ ၂၀၁၇-၂၀၂၀ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂၊

တိုင်းရင်းသားလူမျိုးများ အခွင့်အရေးကာကွယ်ရေး ဥပဒေ ၂၀၁၅၊ တောင်သူ လယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ (၂၀၁၃) ရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) နှင့် စည်းမျဉ်းစည်းကမ်းများ ၂၀၁၇ နှင့် ဆန်အိုးကြီးမှသည် စားဖွယ်စုံခြင်းတောင်းသို့- မြန်မာနိုင်ငံ စိုက်ပျိုးရေး နှင့် စားနပ်ရိက္ခာကဏ္ဍ ခေတ်မီတိုးတက်မှုအတွက် မဏ္ဍိုင်(၃) ရပ် အမည်ရသော စက္ကူဖြူစာတမ်းတို့ ပါဝင်သည်။ ထို့ပြင်မြန်မာနိုင်ငံက ရေးထိုးထားသော နိုင်ငံတကာ စာချုပ်များနှင့် နောက်ဆက်တွဲ စာချုပ်များကိုလည်း လေ့လာခဲ့သည်။ အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် အထောက်အထားများ ကိုလည်း တဆင့်တင်ပြထားသော ရည်ညွှန်းကိုးကားမှုများအနေနှင့် ဖတ်ရှုခဲ့ပါသည်။

## ၃။ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဇီဝမျိုးပဒေသာ

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးဂေဟစနစ်ပုံစံများ စုံလင်မှုကြောင့်လည်းကောင်း၊ ဌာနေ တိုင်းရင်းသား တို့၏ အသိပညာ ကြွယ်ဝမှုကြောင့်လည်းကောင်း နိုင်ငံအတွင်း၌ အပူပိုင်းသီးနှံများ၊ အပူလျော့ပိုင်း၊ သမနွေး ပိုင်း သီးနှံမျိုးကွဲများ စုံလင်လှသည်။ ထိုစုံလင်ကြွယ်ဝမှုကို မူလဒေသ မျိုးရင်းများနေရာတွင် အစားထိုး ဝင်ရောက်လာကြသော ခေတ်ပေါ်အပင်မျိုးများ၊ စိုက်ပျိုးရေး ဓာတုဗေဒဆေးများ ချဲ့ထွင်လာမှုများ၊ စားကျက်မြေ မတန်တဆချဲ့ လာခြင်းများ၊ ရေလှောင်တမံနှင့် တူးမြောင်းများ တည်ခြင်းများ၊ မြို့ပြဧရိယာ ကျယ်လာခြင်းများနှင့် ရာသီဥတု ပြောင်းလဲလာခြင်းများက ခြိမ်းခြောက်နေကြသည်။

နိုင်ငံတကာ စီးပွားရေး အချိတ်အဆက်ပြတ်တောက်ခဲ့ပြီး နိုင်ငံရေးပဋိပက္ခ နှစ်များ အလွန်တွင် မြန်မာပြည်သည် ဈေးကွက်စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၊ စီးပွားရေး ဖြေလျှော့မှုများ ဆောင်ရွက် လာသည်နှင့်အညီ စိုက်ပျိုးရေးကဏ္ဍတွင်လည်း အပြောင်းအလဲအစီအစဉ်များ စတင်လာခဲ့ရာ စိုက်ပျိုးရေး ဇီဝမျိုးပဒေသာ အပေါ်သက်ရောက်မှု ပုံစံသစ်များပေါ်ထွက်လာခဲ့သည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ နိုင်ငံများ၏ ကောင်းကျိုးကိုမျှော်ရည် ဆောင်ရွက်ရန် တည်ထောင် ထားသော အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းအများအပြားကို လက်မှတ် ရေးထိုးထားပါသည်။ ထိုစာချုပ်များတွင်

- စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အပင်မျိုးရိုး ဗီဇအရင်းအမြစ်များ ဆိုင်ရာ နိုင်ငံတကာ စာချုပ် (ITPGRFA)၊
- ဇီဝမျိုး စုံလင်ကြွယ်ဝမှု သဘောတူညီချက် (CBD)၊
    - o နာဂိုယာ ပရိုတိုကော၊
    - o ကာတဂီနာ ပရိုတိုကော၊ စီးပွားရေး၊

- လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လူ့အခွင့်အရေးများ ဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်၊
- ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ၊
- ဌာနေတိုင်းရင်းသား လူမျိုးများ အခွင့်အရေးနှင့် စပ်လျဉ်းသော ကုလသမဂ္ဂကြေညာချက်၊
- အမျိုး သမီးများ နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပုံစံအမျိုးမျိုး ပပျောက်ရေး သဘောတူညီချက် (CEDAW)၊
- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ - ကုန်သွယ်ရေးဆိုင်ရာ အသိဉာဏ်မူပိုင်ခွင့် စာချုပ် (WTO-TRIPS)နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်တို့ ပါဝင်သည်။

သို့ဖြစ်ရာ ထိုစာချုပ်များအား လက်မှတ်ထိုးထားသော နိုင်ငံတစ်ခုအဖြစ် စာချုပ်အသီးသီးပါ အချက်များကို လိုက်နာရန် လိုအပ်သည်။

၁၉၆၉ စာချုပ်စာတမ်း ဥပဒေနှင့် စပ်လျဉ်းသော ဗီယင်နာ သဘောတူစာချုပ်အရ ကမ္ဘာ့နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ စာချုပ်တစ်ခုကို လက်မှတ်ရေးထိုးလျှင် မိမိ၏ ကတိကဝတ်ကို အကောင်အထည် ဖော်ရန် တာဝန်ရှိသည်။ စိုက်ပျိုးရေးနှင့် သက်ဆိုင်နေသော ကိစ္စများ၊ စိုက်ပျိုးရေးကို မှီခိုနေရသူတို့နှင့် သက်ဆိုင်သော ကိစ္စများမှာ စာချုပ်များစွာတွင် အကျုံးဝင် လျက်ရှိသည်။ ထိုစာချုပ်စာတမ်းများတွင် ပါရှိသော ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံများ၏ ဖွံ့ဖြိုးရေး အစီအစဉ်များ၊ မူဝါဒဖော်ဆောင်မှုများနှင့် ဥပဒေရေးဆွဲမှုများတွင် ရည်ညွှန်းကိုးကားရန်၊ လိုက်နာရန် စည်းကမ်းများ ဖြစ်သည်။

## ၄။ မြန်မာနိုင်ငံ မျိုးစေ့စနစ်များ

မြန်မာ့နည်းမြန်မာ့ဟန် အစဉ်အလာအရ လယ်သမားများသည် မိမိတို့လယ်တွင် သန့်စင်ထားသော မျိုးစေ့နှင့် ဒေသမျိုးစေ့နှစ်ခုစလုံးကို စိုက်ပျိုးရင်းကိုယ်တိုင် စုဆောင်းထားသည့် မျိုးစေ့ ထိန်းသိမ်း စီမံပုံစနစ်ကို အလွတ်သဘော (Informal) စနစ်ဟု မြန်မာနိုင်ငံ မျိုးစေ့ကဏ္ဍလမ်းပြမြေပုံတွင် သုံးနှုန်းထားသည်။ ထိုအမည်အစား **အစဉ်အလာစနစ်** ဟုခေါ်ဆိုသင့်ပါသည်။ ပုဂ္ဂလိက ကုမ္ပဏီများက လည်ပတ်သောမျိုးစေ့စနစ်တွင် ဖော်ထုတ်ပြီးသာ အပင်မျိုးများကို ၄င်းတို့ကထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် ဈေးကွက်တင် ရောင်းချကြခြင်းတို့ကိုဆောင်ရွက်ကြပြီး ထိုစနစ်ကို စည်းမျဉ်းခံ မျိုးစေ့စနစ်(Formal) ဟုခေါ်ဆိုသည်။ ထိုစနစ်တွင် မျိုးစေ့ထုတ်လုပ်ဖြန့်ချိရောင်းချမှု ကွင်းဆက်ကြီး တစ်ခုလုံး၌ အဆင့်တိုင်းမှာ ပုဂ္ဂလိကပိုင် ဖြစ်သည်။

**အစဉ်အလာစနစ်** (Informal) မျိုးစေ့အမျိုးအစားသည် လက်ရှိမြန်မာလယ်သမားတို့ အသုံးပြု နေသော မျိုးစေ့များ၏ခန့်မှန်းခြေ ၉၅ရာခိုင်နှုန်းကိုကိုယ်စားပြုသည်။ ထိုမျိုးစေ့စနစ်တွင် လည်ပတ်နေသော

မျိုးစေ့များမှာ ဒေသအပင်မျိုးများ (Landrace) ဌာနေမျိုးရင်းများနှင့် တစ်ကျော့ပြန်သုံးသော မျိုးစေ့များ ဖြစ်ကြသည်။ ထိုမျိုးစေ့များ၏ အားသာချက်များမှာ

- ထိုမျိုးစေ့များသည် မြန်မာ လယ်သမားတို့၏ မျိုးစေ့ ထုတ်လုပ်မှုစနစ်နှင့် လိုက်လျောညီထွေရှိသည်။
- လယ်သမားတို့က ၎င်းတို့၏ အရည်အသွေးကို သိပြီးဖြစ်သည်။
- ဒေသတွင်းမျိုးစေ့ ဖလှယ်နိုင် ဖြန့်ဖြူးနိုင်သော စနစ်ရှိနေခြင်းကြောင့် လယ်သမားများက တတ်နိုင် သည်။
- မူလကပင် အပင်မျိုးစုံလင် ကွဲပြားသော စိုက်ပျိုးရေးစနစ်ဖြစ်သောကြောင့် ရာသီဥတု ပြောင်းလဲမှုနှင့် ကြုံသောအခါ ရေမြေနှင့်ကိုက်ညီအောင် ပြုပြင်စီမံ စိုက်ပျိုးရလွယ်ကူသည်။

သို့ရာတွင် Van dan Broek et al. အစရှိသည့်လေ့လာသူများက ထိုမျိုးစေ့များထဲတွင် အထွက်နှုန်း မမြင့်သော အပင်မျိုးအချို့လည်း ပါဝင်နေနိုင်သလို ရောဂါရှိသော မျိုးစေ့များနှင့် ပိုးကျသော ဖြစ်စဉ်များကြောင့် သိုလှောင်ရာတွင် ပြဿနာရှိနိုင်ကြောင်း ရေးသားသည်။ မျိုးစေ့သန့်စင်စေနိုင်သော ကိရိယာများ လုံလောက်အောင် မရှိသဖြင့် ရိတ်သိမ်းချိန်အလွန်တွင် အကောင်းအဆိုးရောနှောကုန်ကာ သန့်စင်သည့် မျိုးရရှိရန် ခက်ခဲကြောင်းပြောကြားသည်။

## ၅။ မြန်မာနိုင်ငံ၏ စိုက်ပျိုးစီးပွားမူဝါဒများနှင့် ဥပဒေများကို လေ့လာခြင်း

### ၅.၁ မျိုးစေ့ဆိုင်ရာ အမျိုးသား မူဝါဒ ၂၀၁၆

မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒ၂၀၁၆မှာ မြန်မာနိုင်ငံအတွက် စီးပွားရေးအရ အရေးပါသော မျိုးစေ့အားလုံးနှင့် အကျုံးဝင်ပါသည်။ သို့သော် ထိုမူဝါဒအရ လုပ်ငန်းစီမံချက်များ အကောင်အထည် ဖော်ရာတွင်မူ အဓိကသီးနှံ ၃၁ မျိုးနှင့် သက်ဆိုင်သော လုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော် သွားမည်ဖြစ်သည်။ ထိုမူဝါဒရေးဆွဲခဲ့သူများအနေနှင့် ဌာနေတိုင်းရင်း အပင်မျိုးဗီဇ အရင်းအမြစ်တန်ဖိုးကို အသိအမှတ်ပြုခဲ့ကြသည့်အတွက် ကျေးဇူးတင်စရာကောင်းပါသည်။

သို့ရာတွင် ထိုမူဝါဒထဲ၌ စိုက်ပျိုးရေး ဇီဝပဒေသာ ဟူသော စကားရပ်ကို ထည့်သွင်းခဲ့ခြင်း မရှိပါ။ ထို့ကြောင့် ဤစကားရပ်က ရည်ညွှန်းသော လူ့အဖွဲ့အစည်းအတွင်း သက်ရှိဘဝများ ဖွဲ့တည်နေပုံ၊ လူတို့၏ယဉ်ကျေးမှုနှင့် စိုက်ပျိုးဇီဝ သဘော၏ စုံလင်မှု အဖုံဖုံ (မျိုးဗီဇ၊မျိုးစိတ်၊စိုက်ပျိုးသီးနှံ)တို့ကြား ချိတ်ဆက် ကွန်ရက်ဖွဲ့နေကြပုံများ မပါလာနိုင်တော့ပါ။ အပင်မျိုးဗီဇအရင်းအမြစ်များနှင့် အပင်မျိုးများ တိုးတက်ဖွံ့ဖြိုးစေခြင်းဟူသော အခန်းတွင်မူ "တိုင်းပြည်၏ ဗီဇမျိုးကွဲများကွဲပြားမှုကို ဆက်လက်

ထိန်းသိမ်းသွား ရန်နှင့် အပြည့်အဝ အသုံးချနိုင်စေရန် အပင်မျိုးဗီဇ အရင်းအမြစ်များကို စုဆောင်းခြင်း၊ သုံးစွဲခြင်း၊ ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံက အားပေး ဆောင်ရွက်သွား မည်ဖြစ်သည်။

ကြွယ်ဝသော ဌာနေတိုင်းရင်း အပင်မျိုးဗီဇအရင်းအမြစ် ပဒေသာကို ထိန်းသိမ်းစောင့်ရှောက်ပြီး အပင် မျိုးပွားခြင်း၊ သန့်စင်ခြင်းနှင့် မျိုးသစ်များရွေးချယ်ခြင်းတို့အတွက် အသုံးပြုသွားမည်" ဟုဖော်ပြ ထားသည်။ သို့ရာတွင် မျိုးစေ့များ ယခုအချိန်အထိ တည်တံ့စေသည့် တောင်သူလယ်သမားတို့၏ လုပ်အား၊ စိုက်ပျိုးရေး ဇီဝပဒေသာကို ထိန်းသိမ်းကြရာတွင် လယ်သမားတို့ပါဝင်နေသည့် အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်း မရှိပါ။

လယ်သမားတို့၏ ရပိုင်ခွင့်နှင့် ဆောင်ရွက်ချက်များကို ဉာဏပစ္စည်းမူပိုင်ခွင့်ကို ဆွေးနွေးသော အပိုင်း၌သာ ထည့်သွင်းထားသည်။ ထိုရပိုင်ခွင့်ကိုလည်း ထိုဉာဏပစ္စည်းမူပိုင်ခွင့်ဟူသောဘောင် အတွင်း၌ အပင်မွေးမြူသူတို့၏ ရပိုင်ခွင့် အခွင့်အရေးနှင့် ဟန်ချက်ညှိနှိုင်းဆုံးဖြတ်ပြီးမှသာ လယ်သမား တို့ ခံစားခွင့်ရနိုင်မည် ဖြစ်သည်။ ကမ္ဘာကြီးအတွက် အရေးထားရမည့် သက်ရှိဇီဝစနစ်များနှင့် လူ့ယဉ်ကျေးမှုတို့ ကွန်ရက်သဖွယ် ဆက်စပ်နေပုံနှင့် စုံလင်ကြွယ်ဝမှု အထွေထွေတို့ ဆက်လက် ရှင်သန်နိုင်ခွင့်ကို မထည့်သွင်းထားပါ။

ပိုဆိုးသည်မှာ လက်ရှိမျိုးစေ့မူဝါဒအတိုင်းသွားလျှင် တောင်သူလယ်သမားလယ်သမားတို့ ကိုယ်တိုင် စီမံခန့်ခွဲနေသော လက်ရှိ အစဉ်အလာ မျိုးစေ့စနစ်ကို တဖြည်းဖြည်း မှေးမှိန်သွားတော့မည်ဖြစ်သည်။ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးရေးအခန်းတွင် အစိုးရ၏ အစီအစဉ်မှာ တောင်သူလယ်သမားများ ကိုယ်တိုင်စီမံခန့် ခွဲနေသော မျိုးစေ့စနစ် တစ်ခုလုံးကို ဖယ်ရှားပစ်ရန် ဖြစ်သည်ဟု ဖော်ပြသည်။ "အစဉ်အလာ မျိုးစေ့ကဏ္ဍတွင်လည်ပတ်နေသူများအား စည်းမျဉ်းခံမျိုးစေ့ စနစ်ထဲသို့ တိုးတက်ရောက်ရှိလာအောင် အစိုးရက အထောက်အပံ့များ ပေးအပ်မည်ဖြစ်ပြီး မျိုးစေ့ထုတ်လုပ်မှုရော၊ သုံးစွဲမှုပါ ကျယ်ပြန့်လာနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်" ဟု ဖော်ပြထားသည်။ မျိုးစေ့အရည်အသွေး မြှင့်တင်ရေးနှင့်ပတ်သက်၍ တောင်သူလယ်သမား၏ အသိပညာကို အသိအမှတ်မပြုသည့်အပြင် တောင်သူလယ်သမားတို့သည် ပညာပေးရန် လိုအပ်နေသူများ၊ အသိပညာကို လက်ခံသင်ယူရမည့် သူများဟုသာ တောက်လျှောက်မှတ်ယူသည်။
အပင်မွေးမြူရာတွင်လည်း တောင်သူလယ်သမား လယ်သမားတို့၏ အစွမ်းအစကို မြှင့်တင်ပေးလိုသည့် အစီအစဉ်လည်း မရှိပါ။ အပင်မျိုးများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာတွင် စစ်မှန်သော မိတ်ဖက်အဖြစ် တောင်သူလယ်သမား လယ်သမားများအပေါ် သဘောမထားပါ။

အစိုးရက ချမှတ်ထားသော စိုက်ပျိုးရေးကဏ္ဍ စွမ်းဆောင်ရည် မြှင့်တင်ရေး အစီအစဉ်များ (အထူးသဖြင့် အပင်မွေးမြူရာတွင်)တွင်လည်း လယ်သမားတို့၏ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန် လုံးဝ မပါဝင်ပေ။ သိပ္ပံပညာရှင်များ၊ အပင်မွေးမြူသူများ၊ နည်းပညာနှင့် လက်တွေ့အကောင်အထည်ဖော်သူ ဝန်ထမ်းများကိုသာ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်း စီမံချက်များတွင် ထည့်သွင်းစဉ်းစားသည်။ လယ်သမားများကိုမူ အပြုခံများအဖြစ် ၊ အသိပညာပေးရမည့်သူများအဖြစ်သာ စဉ်းစားပြီး အပင်မျိုးများ ထိမ်းသိမ်းမြှင့်တင်ရေးတွင် အံဝင်ခွင်ကျဖြစ်နိုင်သော မိတ်ဖက်အဖြစ် မယူဆထားပါ။ ဥပမာ- “အစိုးရသည် အပင်မျိုးများကို ဖြန့်ဝေပေးမည့် ဝန်ထမ်းများနှင့် လယ်ယာသွင်းအားစုများကို ရောင်းဝယ်နေသူများအား လယ်သမားတို့နှင့် ဆက်ဆံရာတွင် နည်းမှန်လမ်းမှန် ဆောင်ရွက်နိုင်ရန် သင်တန်းများပေးပြီး နည်းပညာလက်လွှဲပြောင်းခြင်းကို ကောင်းစွာဆောင်ရွက်နိုင်ကြစေရန်၊ မျိုးသန့်များ နှင့် ပတ်သက်ပြီး အသိအမြင်တိုးတက်လာစေရန် ဆောင်ရွက်မည်။” ဟုဆိုထားသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသား ဥပဒေ ၂၀၁၅ ပြင်ဆင်ချက်များအရ မျိုးစေ့ဆိုင်ရာ အမျိုးသား မူဝါဒ ၂၀၁၆ ကို အကောင်အထည်ဖော်ရန် မူဘောင်များ၊ စည်းမျဉ်းစည်းကမ်းများ ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ ထိုမူများအရ မျိုးစေ့ စမ်းသပ်သော ဓါတ်ခွဲခန်းများ လည်ပတ်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များက မှတ်ပုံတင်ကာ ဖွင့်လှစ်ရန် လိုအပ်ပြီး ထိုဌာနများသည် “မျိုးစေ့ အရည်အသွေးကို သိနိုင်အောင် စစ်ဆေးရာတွင် အဓိကကျသော နေရာများဖြစ်လာမည်” ဟု ဆိုသည်။ လုပ်ငန်းရှင်များအနေနှင့် မျိုးစေ့ကို ပြည်ပသို့ တင်ပို့ဖြန့်ဖြူးခြင်း၊ ထုတ်လုပ်ခြင်း၊ ပြည်ပမှ တင်သွင်းလာခြင်း၊ မျိုးစေ့ထုတ်လုပ် သူများထံမှ (သို့မဟုတ်) ပြည်ပမှ တင်သွင်းသူများထံမှ ဝယ်ယူခြင်းအတွက် လုပ်ငန်းလိုင်စင်လျှောက်ထားကြရမည်။ လုပ်ကွက်ငယ် တောင်သူလယ်သမားများ လုပ်ငန်းလိုင်စင်လိုမလိုဆိုသည်မှာ ထုတ်လုပ်သော သို့မဟုတ် ဝယ်ယူသော ပမာဏနှင့် အလေးချိန်အပေါ်မူတည်မည်ဖြစ်သည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒသည် ကုန်ထုတ်လုပ်မှုကို အသားပေးပြီး အသိအမှတ်ပြုလက်မှတ် ထုတ်ပေးထားသော လက်မှတ်များကိုသာ မျိုးစေ့များကို မျိုးသန့်အဖြစ်ယူဆသည်။ “မျိုးစေ့ အရည်အသွေး မှန်ကန်စိတ်ချရစေရေး အစ္စီမရည်မှန်းချက်မှာ အရည်သွေးကောင်းသော မျိုးစေ့များကို အမျိုးအစား စုံစုံလင်လင်၊ အရေအတွက် မြင့်မြင့်မားမားနှင့် အပင်ပေါက်နှုန်း ကောင်းပြီး သန်စွမ်းလျှက် အစိုဓါတ်လိုအပ်ချက် အနည်းဆုံးရှိရမည်ဆိုသော သတ်မှတ်ချက်နှင့်ကိုက်ညီကာ ကျန်းမာ ရှင်သန်နိုင်သည့် မျိုးသန့်များကို မျိုးစေ့လုပ်ငန်းရှင်များက ထုတ်လုပ်ကြရန်ဖြစ်သည်။

ထို့ပြင် အစိုးရ ဌာနများက မျိုးစေ့အရည်အသွေး စစ်ဆေးရာတွင် ကျွမ်းကျင် တတ်မြောက်မှု မြင့်မားလာစေရေး အတွက် မျိုးစေ့ဓါတ်ခွဲခန်းတည်ထောင်ခြင်း၊ ကွင်းဆင်းစစ်ဆေးမှု ကျွမ်းကျင်သူ တိုးပွားလာအောင် ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။ ပုဂ္ဂလိက လုပ်ငန်းရှင်များကိုလည်း ကိုယ်ပိုင်ဓာတ်ခွဲခန်းများနှင့် အခြားမျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း လုပ်ငန်းများ တည်ထောင်ကြရန် တိုက်တွန်းသွားမည် ဖြစ်ကြောင်း၊ အစိုးရမျိုးစေ့အရည်အသွေး လက်မှတ် ထုတ်ပေးရေး ဌာနများနှင့် မျိုးစေ့လုပ်ငန်းရှင်များကြား ပူးပေါင်းဆောင်ရွက်ကာ မျိုးစေ့အရည်အသွေး စစ်ဆေးပေးသော လိုင်စင်ရ လုပ်ငန်းများ ပေါ်ပေါက်လာရန် ဦးတည်သည်။ သို့သော် မျိုးစေ့ အရည်အသွေး ထိန်းသိမ်းရေးအစီအစဉ်တစ်ခုလုံးတွင် တောင်သူလယ်သမားတို့ကိုယ်တိုင် အပင်မျိုးများကို အရည်အသွေး စစ်ဆေးနိုင်သော စနစ်တစ်ရပ် (အခြေခံ အဆောက်အဦ)ကို ထည့်သွင်းစဉ်းစားထားခြင်း မရှိပေ။

အချုပ်ဆိုရသော် မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒအရ အရည်အသွေး အသိအမှတ်ပြု လက်မှတ်ရ မျိုးစေ့များကို စံမီမျိုးစေ့များ အဖြစ်သတ်မှတ်ပြီး အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ကာ မျိုးစေ့ထုတ်လုပ်မှုကို ဦးစားပေး ဆောင်ရွက်ရန် ဖြစ်သည်။ ဤအခင်းအကျင်းတွင် ဘွင်းဘွင်းကြီးပေါ်လာသော အချက်မှာ လယ်သမားတို့အနေနှင့် မျိုးစေ့ အရည်အသွေးထိန်းသိမ်းရေး ကဏ္ဍတွင် လုံးဝနေရာ မရှိတော့ခြင်း၊ လယ်သမားတို့အနေနှင့် ထိန်းသိမ်းလာခဲ့သော မျိုးစေ့များအား အရည်အသွေး စစ်ဆေးနိုင်သည့် အခြေအနေများ မရှိနေခြင်း ဖြစ်သည်။

**၅.၂။ ၂၀၁၅ တွင် ပြန်လည်ပြင်ဆင်ခဲ့သော အမျိုးသားအဆင့် မျိုးစေ့ဥပဒေအရ လိုက်နာရမည့် အချက်များ**

၂၀၁၅ တွင် ပြန်လည်ပြင်ဆင်ခဲ့သော အမျိုးသားအဆင့် မျိုးစေ့ဥပဒေသည် မျိုးစေ့ ထုတ်လုပ်မှု၊ ပြည်ပမှ တင်သွင်းမှုနှင့် မြန်မာနိုင်ငံအတွင်း ဖြန့်ချိမှု အားလုံးအပေါ် စည်းကမ်းချက်များ သတ်မှတ်လိုက်သည်။ မျိုးစေ့ အရည်အသွေးစစ်ဆေးသည့် ဓါတ်ခွဲခန်း ဖွင့်လှစ်ရန် မှတ်ပုံတင်လက်မှတ် လိုအပ်လာပြီး ထိုဓါတ်ခွဲခန်းကို “မျိုးစေ့၏ အရည်အသွေးကို သိရှိနိုင်ရန် စစ်ဆေးပေးမည့် စင်တာနှင့်နေရာ” ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။ မျိုးစေ့ လုပ်ငန်းဆောင်ရွက်နိုင်ရန် “လိုင်စင်” လိုအပ်သည်။ မျိုးစေ့လုပ်ငန်းများတွင် မျိုးစေ့ကို ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ထုတ်လုပ်သူ သို့မဟုတ် ပြည်ပမှ တင်သွင်းသူထံမှ ရယူခြင်းဟူ၍ ရှင်းလင်းထားသည်။

**စီးပွားဖြစ်ဖြန့်ဖြူးခြင်း**ဟု ဆိုသည်မှာ တောင်သူလယ်သမားတစ်ဦးအနေနှင့် မျိုးစေ့ကို ထုတ်လုပ်ခွင့် သို့မဟုတ် ရယူခွင့်ရှိသော ပမာဏသတ်မှတ်ချက်ကို ကျော်လွန်ကာ ဖြန့်ဖြူးခြင်းမျိုး ဖြစ်သည်။ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီက သတ်မှတ်ထားသော ကာလအတွင်း သတ်မှတ် ထားသော မျိုးစေ့အမျိုးအစားတို့အတွက် ကန့်သတ်ထားသော အလေးချိန်နှင့် အရေအတွက်ထက် ကျော်လွန်ကာ

ဖြန့်ဖြူးခြင်းမျိုးဖြစ်သည်။ သို့ဖြစ်ရာ တောင်သူလယ်သမား တစ်ဦးက မျိုးစေ့ကို ထုတ်လုပ်ခွင့် သို့မဟုတ် ရယူခွင့်ရှိသော ပမာဏသတ်မှတ်ချက်အပေါ်မူတည်ကာ ထိုလယ်သမားအနေနှင့် လိုင်စင် လိုမလို သတ်မှတ်မည်။ ထိုအတိုင်းအတာသတ်မှတ်ချက်၌ ဆန်နှင့် ပြောင်းတို့အတွက် ဆိုလျှင် "စီးပွားဖြစ်" ဆိုသော စကားရပ်၏ အဓိပ္ပါယ်မှာ တစ်တင်းလျှင် ၄၅ ပေါင် (၂၀.၄ ကီလိုဂရမ် ရှိသော) အနည်းဆုံး တင်း ၆၀၀ ပမာဏ ရည်ညွှန်းသည်ဟု စိုက်ပျိုးရေးဦးစီးဌာနမှ အရာရှိတစ်ဦးနှင့် အင်တာဗျူးတွင် သိရှိရသည်။ အခြားသီးနှံများအတွက် တိုင်းတာပုံမှာ တစ်မျိုးတစ်ဘာသာဖြစ်နိုင်ပါသည်။

### ၅.၃။ အပင်မျိုးသစ် အကာအကွယ် ပေးရေးဥပဒေ ၂၀၁၆

**အပင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်**ကို အပင်မျိုးသစ်များ ပြည်ပမှ တင်သွင်းလာသောအခါ လိုအပ်ပါသည်။ မျိုးစေ့ဆိုင်ရာ အမျိုးသားဥပဒေအရ စီးပွားဖြစ်အလို့ငှာ ပြည်ပမှတင်သွင်းလာသောအခါ ဖြစ်စေ၊ ထုတ်လုပ်သောအခါတွင်ဖြစ်စေ မည်သည့်ရည်ရွယ်ချက်ဖြင့် တင်သွင်းသည်ဖြစ်စေ မြန်မာနိုင်ငံ၏ ရေမြေရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မဖြစ် အရည်အသွေးကို စမ်းသပ်ပြီး အပင်မျိုးသစ်လက်မှတ် ရယူနိုင်ပြီး အပင်မျိုးသစ်တစ်ခုအဖြစ် တရားဝင်စေရန် လျှောက်ထားနိုင်သည်။ အပင်မျိုးသစ်ဟူသော စကားရပ်အားအောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားသည်။

"အပင်မျိုးသစ်ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် လက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာ ကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏ လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်မံမျိုးပွားရာတွင်လည်း ယင်း၏ လက္ခဏာရပ်များ ပြောင်းလဲမှုမရှိသော" အပင်မျိုးကိုဆိုလိုသည်။

တင်သွင်းသူသည် မျိုးစေ့ကို ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိမရှိ စမ်းသပ်စိုက်ပျိုး ဖြစ်စဉ်ကို ဖြတ်သန်းပြီးမှ အသိအမှတ်ပြုလက်မှတ်ကိုရရှိသည်။ သီးနှံထုတ်လုပ်ရန် ဖြစ်စေ၊ အပင်မျိုးသစ်လို စီးပွားဖြစ်ဖြန့်ချိရန် တင်သွင်းလာသည်ဖြစ်စေ အသိအမှတ်ပြု လက်မှတ် လိုအပ်သည်။ သို့ဖြစ်ရာ လုပ်ကွက်ငယ် လယ်သမားတစ်ဦးအတွက် အပင်မျိုးသစ် အသိအမှတ်ပြုလို-မလိုဆိုသည်မှာ ထိုလယ်သမား ထုတ်လုပ်သော သို့မဟုတ် ရယူသော ပမာဏအပေါ်မူတည်၍ ဆုံးဖြတ်ရပါမည်။
လက်ရှိတွင် လယ်သမားတို့ ထိန်းသိမ်းထားသော မျိုးစေ့များမှာ ထိုသက်သေခံ လက်မှတ်ကို ရယူရန် မလိုအပ်ပေ။ သို့ရာတွင် လယ်သမားများက ထုတ်လုပ်သော သို့မဟုတ် ၎င်းတို့အနေနှင့် အခြားသူများထံမှ ရရှိသော မျိုးစေ့များ၏ ပမာဏနှင့် အလေးချိန်သည် သတ်မှတ်ချက်ထက်ကျော်လျှင် အပင်မျိုးသစ်လက်မှတ် လိုအပ်လာမည်ဖြစ်သည်။ အပင်မျိုးသစ်လက်မှတ်ရရန် စစ်ဆေးမှု၌ မျိုးစေ့ တစ်ခုမှာ တစ်ရာသီတည်းတွင် ဂေဟာစနစ်ကွာခြားသော အနည်းဆုံးနေရာသုံးခုတွင် စမ်းသပ်စိုက်ပျိုး

ရမည်ဖြစ်ပြီး ဒေသတွင်း ရေမြေရာသီဥတု အလိုက်သင့် နေသားတကျရှင်သန်နိုင်မှု (adaptation)၊ လက်ရှိစိုက်နေသော အပင်များနှင့်မတူ ထူးခြားကွဲပြားနေသော အရည်အသွေးရှိမှုနှင့် သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအပေါ် ဆိုးကျိုးသက်ရောက်မှုရှိမရှိ အစရှိသည်တို့အပေါ် အကဲဖြတ်သည်။

လက်ရှိလယ်သမားတို့ စိုက်နေသော အပင်မျိုးများအတွက်မူ အသိအမှတ်ပြု လက်မှတ် မလိုအပ်သော်လည်း အခြေအနေသစ်များအရ လယ်သမားတို့၏ အခွင့်အရေး ချိုးဖေါက်ခံရဖွယ် အခြေအနေများစွာရှိနေသည်။ အဘယ်ကြောင့်ဆိုသော် လယ်သမားတို့၏ မျိုးစေ့များကို တစ်စုံတစ်ယောက်၊ မျိုးစေ့ ကုမ္ပဏီတစ်ခုခုက ယူ၍ ထုတ်လုပ်သွားခဲ့လျှင် လယ်သမားတို့အနေနှင့် ခံလိုက်ရမည်သာဖြစ်သည်။ တစ်ဖက်တွင် လယ်သမားတို့ ကိုယ်တိုင်ဖေါ်ထုတ်နိုင်သည့် အပင်မျိုးသစ် အတွက်မူ ကုမ္ပဏီများနည်းတူ အသိအမှတ်ပြုလက်မှတ်ကို တောင်းခံကြရမည်။ သို့ဖြစ်ရာ လက်ရှိတည်ဆဲ အပင်မျိုးများကို မှတ်သားကြလျှင်ပင် တည်ဆဲ ဆိုသည့်စကားရပ်က မည်သည့်ရက်စွဲကို ဆိုလိုသနည်း။ ထိုရက်စွဲတစ်ခုခုကို ပိုင်းဖြတ်၍ ဤနေ့ဤရက်တွင် မြန်မာနိုင်ငံ၏ တည်ဆဲအပင်မျိုးများဟု ဆိုလိုက်လျှင် ထိုရက်စွဲအလွန်တွင် အသစ်ပေါ်ထွက်လာသော အပင်မျိုးများအတွက် အသိအမှတ်ပြုလက်မှတ် လျှောက်ထားရတော့မည်ဟု အဓိပ္ပာယ်ရသည်။

| **အပင်မျိုးသစ်အသိအမှတ်ပြု လက်မှတ်ကိုမည်သည့် အချိန်တွင်လိုအပ်သနည်း။** |
|---|
| **အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ ၂၀၁၆**<br>(၁) အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုး၏ မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား မြန်မာနိုင်ငံအတွင်းတွင် (၁) နှစ်ထက် စောနေသော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် (၄) နှစ်ထက်စော၍သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက (၆) နှစ်ထက် စော၍သော်လည်းကောင်း စီးပွားဖြစ်စိုက်ပျိုး ထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချခြင်းမရှိစေရ။ (အသစ်ဖြစ်ခြင်း)<br>(၂) အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အများလက်ခံ သိရှိထားသည့် အခြား မည်သည့်အပင်မျိုးနှင့်မဆို သိသာစွာကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာရှိရမည်။ (ထူးခြား)<br>(၃) အပင်မျိုးသစ်အဖြစ်လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်မှအပ ကျန်ထူးခြားသည့် လက္ခဏာများကို ညီညာစွာ ဖော်ပြနိုင်ရမည်။ (ညီညာ)<br>(၄) အပင်မျိုးသည် သားဆက်အဆင့်ဆင့် မျိုးပွားရာတွင် ယင်း၏ထူးခြားသော သွင်ပြင် လက္ခဏာများကို တည်ငြိမ်စွာ ဖော်ပြနိုင်ရမည်။ (တည်ငြိမ်) |

**ဘာ့ကြောင့်အသိအမှတ်ပြုလက်မှတ်လိုသနည်း။**
(၁) မည်သည့်ရည်ရွယ်ချက်ဖြင့်ဖြစ်စေ ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှုရှိမရှိစမ်းသပ်ရန်အတွက် တင်သွင်းလာခြင်း (သို့မဟုတ်)
(၂) စီးပွားဖြစ် လုပ်ငန်းအတွက် ထုတ်လုပ်ခြင်း သို့မဟုတ် တင်သွင်းခြင်း

## ၅.၄။ မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒ ၂၀၁၆၏ သက်ရောက်မှု

၂၀၁၅ ဥပဒေ ပြင်ဆင်ချက်များတွင် ၂၀၁၁ မျိုးစေ့ဆိုင်ရာ အမျိုးသား ဥပဒေ၌ သုံးစွဲခဲ့သော "မြန်မာနိုင်ငံတွင်'' ဟူသော စကားရပ်ကို "ဒေသ" ဟုပြောင်းလဲ အစားထိုးခဲ့သည်။ ထိုအခိုပ္ပါယ်မှာ တစ်နိုင်ငံလုံးတွင် မည်သည့်နေရာမဆို ရှင်သန်နိုင်မှုထက်စာလျှင် ဒေသအသေးတစ်ခု၏ ဝန်းကျင်သစ်တွင် ရေမြေရာသီဥတုနှင့် ကိုက်ညီရှင်သန်နိုင်မှုဟု ဖွင့်ဆိုနိုင်ရာ ထိုအပြောင်းအလဲမျိုးကို ကြိုဆိုသင့်ပေသည်။ တစ်နိုင်ငံလုံးတွင် ဖြန့်ကျက်၍ မည်သည့်နေရာတွင်မဆို ရေမြေရာသီဥတု နှင့် ကိုက်ညီမှသာ လက်မှတ်ရမည်ဆိုလျှင် ထိုစနစ်မျိုးသည် နိုင်ငံအတွင်း စိုက်ပျိုးရေး ဇီဝမျိုးစုံမျိုးကွဲ ကွဲပြားခြားနားစွာ ရှင်သန်ကြသည်ကို လက်ခံသောစနစ် ဖြစ်လာမည်မဟုတ်ပေ။

သို့ရာတွင် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ ၂၀၁၆ အရ အပင်မျိုးသစ်အသစ်ဖြစ်ရန် လိုခြင်းနှင့် အခြား မည်သည့်အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသော လက္ခဏာ ရှိရန်လိုခြင်း စသည့် စည်းကမ်းနှစ်ချက်ကြောင့် တောင်သူလယ်သမားတို့၏ မိရိုးဖလာ၊ ဌာနေ တိုင်းရင်းအပင်မျိုး များမှာ အသိအမှတ်ပြုခံရနိုင်စရာမရှိတော့ပေ။ သို့သော်မတူညီသော ဂေဟာစနစ်များရှိသည့် နေရာသုံးခုတွင် စစ်ဆေးမှုခံယူရမည်ဟု သတ်မှတ်ထားခြင်းက ထိုဇီဝပဒေသာတို့၏ သဘောနှင့် ဆန့်ကျင်နေသည်။ ဤစည်းကမ်းချက်က အပင်မျိုးသစ်သည် ရေမြေဒေသရာသီဥတုနှင့် ကိုက်ညီမှုကို ကျယ်ကျယ်ပြန့်ပြန့် အစမ်းသပ်ခံနိုင်ရမည်ဟု ရည်ရွယ်သော်လည်း စိုက်ပျိုးရေးဇီဝပဒေသာဘက်မှ ကြည့်လျှင်မူ ကွဲပြားစုံလင်မှု သဘောကို ထိခိုက်စေပြီး အပင်မျိုးသစ်များမှာ သွင်ပြင်လက္ခဏာ မကွဲပြားရဆိုလိုသည်။ သို့သော် စိုက်ပျိုးရေးဇီဝပဒေသာ ကြွယ်ဝရန်အတွက်ဆိုလျှင် အပင်မျိုးဗီဇ အရင်းအမြစ်များ၏ စုံလင်ကွဲပြားမှုကို အသိအမှတ်ပြုပြီး စုံလင်သော ဂေဟာစနစ်အရှည်သဖြင့် တည်တံ့ဖွံ့ဖြိုးအောင်လုပ်ရန် မှာ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

ထို့ပြင် ၂၀၁၅ ဥပဒေ ပြင်ဆင်ချက်တွင် "ထူးခြားသည့် အရည်အသွေး ရှိမရှိ" ဟူသော စကားရပ်ကို ဖြည့်စွက်ခဲ့သည်။ ထိုစကားရပ်မှာ အဓိပ္ပာယ်အမျိုးမျိုးဖြစ်နိုင်သည်။ သို့ဖြစ်ရာ မည်ကဲ့သို့ထူးခြားသော အရည်အသွေးရှိရမည်ဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် ရည်ညွှန်းချက်များ လိုအပ်မည်ဖြစ်သည်။ ထူးခြားသော သွင်ပြင်လက္ခဏာရှိခြင်းကို လက်တွေ့တွင်အဓိပ္ပါယ် ဖွင့်ဆိုရာ၌ လုပ်ကွက်ငယ် တောင်သူလယ်သမားများ၊ အမျိုးသမီးများနှင့် တိုင်းရင်းသား အစုအဖွဲ့များအနေနှင့် သန်ရာသန်ရာ မျိုးစေ့ စိုက်ပျိုးတတ်ကြသည်ဟူသောအချက်ကို ထည့်သွင်းစဉ်းစားထားပြီးသား ဖွင့်ဆိုပုံမျိုးဖြစ်လျှင် စိုက်ပျိုးရေး ဇီဝမျိုးကွဲစုံလင်မှုအတွက် အရေးသာစေနိုင်ပါလိမ့်မည်။

ဤရည်ညွှန်းချက်များသည် တစ်သဝေ မတိမ်းအလွဲအစောင်းမခံသော သတ်မှတ်ချက်များ မဟုတ်ကြဘဲ လုပ်ကွက်ငယ်တောင်သူများ အမျိုးသမီးများနှင့် တိုင်းရင်းသားအစုအဖွဲ့များ၏ လိုအပ်ချက်အဖုံဖုံကို လိုက်လျောညီနိုင်းနိုင်သော ရည်ညွှန်းချက်များဖြစ်လျှင် များစွာသင့်တော်ပါမည်။ တောင်သူအစုအဖွဲ့နှင့် နယ်မြေများတွင် မည်သည့်သီးနှံက မည်သည့်အတွက်ကြောင့် ၎င်းတို့အတွက် အရေးကြီးရကြောင်းကို လယ်သမားများ၌ ကိုယ်ပိုင် သတ်မှတ်ချက်၊ စဉ်းစားချက်များရှိပါသည်။

ပိုဆိုးသည်မှာ ထူးခြားသည့် လက္ခဏာများကို ညီညာစွာ ဖော်ပြနိုင်ရမည်ဟုဆိုသော အချက်နှင့်ကိုက်ညီအောင် မွေးမြူနိုင်ရန် မလွယ်ပါ။ ထိုစည်းကမ်းမှာ နေရာများစွာတွင်ရှိသော ရေမြေရာသီဥတုနှင့် အလိုက်သင့်ကိုက်ညီမှသာ အပင်မျိုးသစ်ကို မှတ်ပုံတင်နိုင်မည်ဟူသော စည်းကမ်းချက်ကဲ့သို့ပင် ကွဲပြားခြားနားမှုကို အားမပေးသောကြောင့် စိုက်ပျိုးဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုကို ဘေးဖြစ်စေနိုင်သည်။ အကျိုးဆက်မှာ ထိုစည်းကမ်းများနှင့်ညီသော အသိအမှတ်ပြု လက်မှတ်ရနိုင်သည့် အပင်မျိုးအနည်းစုကသာ ဖြန့်ချိခွင့်ရပြီး နေရာအနှံ့သို့ ပျံ့နှံ့ အုပ်စီးသွားနိုင်သော အခြေအနေမျိုးကို တွန်းပို့နေသည်။

အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် တတိယစည်းကမ်းဖြစ်သည့် သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ၊မျိုးကွဲများကို ထိခိုက်ခြင်းမရှိမှသာလျှင်ဟူသော စကားရပ်ကိုမူ ကြိုဆို အပ်ပါသည်။ စိုက်ပျိုးရေး ဇီဝမျိုးကွဲ စုံလင်မှုအခြေအနေကို ပြန်လည်သုံးသပ်ရန် အခွင့်အရေးဖြစ်ပါသည်။ အပင်မျိုးသစ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရာတွင် စိုက်ပျိုးဇီဝပဒေသာမျိုးစုံမျိုးကွဲများကို ထည့်သွင်းစဉ်းစား ပေးလျှင် တောင်သူများအတွက် အခွင့်အရေးဖြစ်သည်။ ဥပမာ - လေ့လာခဲ့သော တောင်ယာ လယ်လုပ်ရပ်ရွာများတွင် မျိုးစေ့မျိုးစုံမျိုးကွဲများ ကျဆင်းလာကာ ဓါတုပိုးသတ်ဆေးနှင့် မြေသြဇာများ တိုးမြှင့်သုံးစွဲလာခြင်းကြောင့် မျိုးစေ့အရည်အသွေးကျဆင်းလာသည်ကို တွေ့မြင်နေရသောကြောင့် ဖြစ်သည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားဥပဒေအရ အောက်ပါတားမြစ်ချက်တစ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်သို့မဟုတ် ငွေဒဏ်ချမှတ်ခံရနိုင်သည်။

(၁)မည်သူမျှ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးထားခြင်းမရှိသော အပင်မျိုးသစ်ကို စီးပွားရေး အလို့ငှာ ထုတ်လုပ်ခြင်း မပြုရ။

(၂) မည်သူမျှ လိုင်စင်မရှိဘဲ မျိုးစေ့ လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

(၃) လိုင်စင်ရရှိသူမည်သူမျှ မျိုးစေ့အရည်အသွေး အာမခံချက်နှင့် ကိုက်ညီခြင်းမရှိသော မျိုးစေ့ကို သော်လည်းကောင်း၊ မျိုးစေ့အရည်အသွေးစစ်ဆေးမှု ခံယူခြင်းမပြုရသေးသော မျိုးစေ့ကို သော် လည်းကောင်း ဖြန့်ဖြူးခြင်း မပြုရ။

(၄)မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ မျိုးစေ့ အရည်အသွေးစစ်ဆေးခန်းကို ဖွင့်လှစ်ခြင်းမပြုရ။

မျိုးစေ့ဥပဒေနှင့်အရ အပင်မျိုးသစ် အသိအမှတ်ပြု လက်မှတ်ရရန် အဆင့်ဆင့် ဆောင်ရွက်ရာတွင် မျိုးစေ့အရည်အသွေး စစ်ဆေးခြင်းအဆင့်၌ အထွက်နှုန်းကို စောင့်ကြည့်သည်။ အပင်မျိုးသစ်မျိုးစေ့သည် ဒေသရေမြေနှင့်ကိုက်ညီရမည်ဖြစ်ပြီး ဒေသမျိုးများထက် အရည်အသွေး ပိုမိုကောင်းမွန်ရမည်။ အရည်အသွေးအသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်းမှာ ကျပ် ၅ သိန်း (၃၁၅.၆၃ ယူအက်စ်ဒေါ်လာ) ကုန်ကျမည်ဖြစ်ပြီး ဆယ်နှစ်မျှ ထိုမျိုးစေ့ကို ထုတ်လုပ်ခွင့်ရှိသည်။ မျိုးစေ့နှင့် အပင်ပေါက်ရောင်းချသည့် ဆိုင်များကိုနယ်အသီးသီးတွင် ဖွင့်လှစ်ခွင့်ရှိ သည်။

စိုက်ပျိုးရေး သုတေသနဌာန (DAR) သည် မိဘမျိုးစေ့ (Breeder seed) ကို ထုတ်လုပ်ပြီး စိုက်ပျိုးရေး ဦးစီးဌာနသည် ဆင့်ပွားမျိုးစေ့ကို ထုတ်လုပ်ပြီး အကျိုးအမြတ်ခွဲဝေ လယ်ယာတောင်သူ များ၏ လုပ်အားဖြင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed) ကို ထုတ်လုပ်မည်ဖြစ်သည်။ **မိဘမျိုးစေ့များ**သည် အပင်မျိုးသစ်မှ မျိုးစေ့ကို ဆိုလိုခြင်းဖြစ်ပြီး မျိုးဗီဇအသန့်စင်ဆုံးဟု သတ်မှတ်ထားပြီး အပင်မွေးမျိုးသူများ သို့မဟုတ် ၎င်းတို့၏ အင်စတီကျူးရှင်းများက ထပ်မံပြန့်ပွားအောင် မိဘမျိုးစေ့ကို ထုတ်လုပ်ခြင်း၊ မွေးမြူခြင်း၊ ထိန်းချုပ်ခြင်း၊ တိုက်ရိုက် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ **ဆင့်ပွားမျိုးစေ့**သည် မိဘမျိုးစေ့မှ ပွားများရရှိသော ပထမဦးဆုံး သားဆက်မျိုးစေ့ဖြစ်ပြီး ထိုသားဆက်ကို စိုက်ပျိုးရေးဌာနတစ်ခုခုမှ လေ့ကျင့်သင်ယူထားသော ပညာရှင်တစ်ဦးဦးက သတ်မှတ်ထားသည့် အမျိုးသား စံချိန်စံညွှန်းများနှင့် အညီ ပွားများထုတ်လုပ်ကာ၊ မူလဗီဇ အရည်အချင်းအတိုင်း၊ သွင်ပြင်လက္ခဏာများအတိုင်း ထိန်းသိမ်းရမည်ဖြစ်သည်။ ဆက်လက်ဆင့်ပွားရမည့် အဆင့်ဆင့်အတွက် ဆင့်ပွားမျိုးစေ့၊ မူလဗီဇနှင့်

အရည်အသွေး ပြည့်မီခြင်းရှိမရှိကို စိုက်ကွက်ထဲတွင် မျိုးစေ့ကိုလည်း စစ်ဆေးခံရမည်ဖြစ်သည်။ **စီးပွားဖြစ်မျိုးသန့်မျိုးစေ့** (Certified Seed)သည် ဆင့်ပွားမျိုးစေ့မှသော်လည်းကောင်း၊ မှတ်ပုံတင်ထားသော မျိုးစေ့မှသော်လည်းကောင်း၊ မျိုးသန့်မျိုးပွားမျိုးစေ့မှသော်လည်းကောင်း မျိုးပွားရရှိသော သားဆက်မျိုးစေ့ဖြစ်ပြီး အပင်မူလဗီဇနှင့် အရည်အသွေးမြင့်မားသန့်စင်မှု အလုံအလောက်ရှိစေရေးအတွက် သီးသန့်ရွေးချယ်ထားသော လယ်သမားများကို စိုက်ပျိုးစေမည် ဖြစ်သည်။ ထိုစီးပွားဖြစ် မျိုးသန့်မျိုးစေ့ကို စိုက်ပျိုးမည့် လယ်သမားများသည် သတ်မှတ်ထားသော မျိုးသန့်ခြံနှင့် ပတ်သက်သည့် စည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး စိုက်ပျိုးရေးဘက်မှ တာဝန်ရှိသူများ၏ စိုက်ခင်းစစ်ဆေးမှု၊ မျိုးစေ့ကြီးကြပ်မှုတို့ကို မျိုးစေ့အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေးဌာနနှင့် သဘောတူထားသည့်အတိုင်း ခံယူရပါမည်။ ထိုမျိုးသန့်မျိုးစေ့မှ ထွက်လာသော ဆင့်ပွားမျိုးကို စီးပွားဖြစ် ဖြန့်ချိနိုင်ပြီဖြစ်သည်။

စိုက်ပျိုးရေးဦးစီးဌာနကမူ လယ်သမားတို့ ကိုယ်တိုင်စုဆောင်းသော မျိုးစေ့စနစ်ဖွံ့ဖြိုးလာရန် လိုအပ်သည်ဟု မြင်ကြောင်း ပြောကြားခဲ့သည်။ ထိုကဏ္ဍတွင် တိုးတက်မှသာ လယ်သမားများပါဝင်သော မျိုးစေ့ထုတ်လုပ်သူအစည်းအရုံးများ မြို့နယ်တိုင်းတွင် ဖွဲ့စည်းရန် အစီအစဉ် ဖြစ်မြောက်ပြီး မှတ်ပုံတင်ပြီး မျိုးစေ့များကို အကျိုးအမြတ်ခွဲဝေ လယ်ယာစနစ်မှ တဆင့်ဖြန့်ချိနိုင်မည်ဟုဆိုသည်။

ထို့ပြင် မျိုးစေ့ အရောင်းအဝယ်လုပ်ငန်းများ အတွက်ကောင်းမွန်သော ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီး ပေးရန် နိုင်ငံတော်၌ မဟာဗျူဟာရှိသည် ဟုဆိုသည်။ ထိုမျိုးစေ့ အရောင်းအဝယ်လောက ပေါ်ထွက်လာရေး အမြင်သည် မျိုးစေ့ရောင်းလိုအားနှင့် ဝယ်လိုအားကွင်းဆက်များပေါ်တွင် အခြေတည်၍ စဉ်းစားခြင်းဖြစ်ပြီးမျိုးစေ့နှင့် ပတ်သက်လျှင် ထုတ်လုပ်ရောင်းချသူနှင့် ဝယ်ယူသုံးစွဲသူ ရှိကိုရှိရမည် ဟူသော ရှုထောင့်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

စံပြမျိုးသန့်ခြံတစ်ခုသည် မျိုးစေ့ ထုတ်လုပ်ရေး ကုမ္ပဏီနှင့် ချိတ်ထားပြီး မျိုးစေ့ကို အရည်အသွေးမြှင့်တင်ကာ၊ အဆင့်မြှင့်မျိုးစေ့ကို ဈေးကွက်နှင့် မိတ်ဆက်ရန်ဖြစ်သည်။ ဤနည်းဖြင့် မျိုးစေ့များကို လယ်သမားတို့စိုက်နေထုတ်နေသည့် အစဉ်အလာစနစ်မှ မျိုးစေ့အားလုံးကို စည်းမျဉ်းခံ မျိုးစေ့စနစ်ထဲသို့ ပြောင်းသွင်းပြီး မျိုးစေ့ထုတ်လုပ် ရောင်းချသည့် အလယ်လူထားရှိမည့် စနစ်ကိုရည်ရွယ်သည်။

ယခုမျိုးစေ့မူဝါဒ၏ ရည်မှန်းချက်မှာ မျိုးစေ့ထုတ်လုပ်မှုအားလုံး၏ ၁၀ ရာခိုင်နှုန်းကို အစိုးရဘက်က ထုတ်ပေးရန်ဖြစ်ပြီး ၆၀ ရာခိုင်နှုန်းကို ပုဂ္ဂလိကကဏ္ဍက ထုတ်လုပ်ပြီး ကျန် ၃၀ ရာခိုင်နှုန်းကို

အစဉ်အလာစနစ်ထဲမှ ထုတ်လုပ်ရန်ဖြစ်သည်။ ပုဂ္ဂလိကမျိုးစေ့ လုပ်ငန်းရှင်များကို စံပြ မျိုးသန့်ခြံများတွင် ပါဝင်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်ပြီး ထိုစံပြမျိုးသန့်ခြံများကို နောင်တွင် မျိုးစိုက်တောင်သူ အသင်းအဖွဲ့များဘက်သို့လွှဲ ပြောင်းမည်ဟုဆိုသည်။

သို့ဆိုလျှင် အစိုးရ၏ ရည်ရွယ်ချက်မှာ မျိုးစိုက်တောင်သူ အသင်းအဖွဲ့များကို သမဝါယမပုံစံ အစုအဖွဲ့သို့ အသွင်ပြောင်းရန်ဖြစ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြို့နယ်က ဝယ်ယူလိုသော အပင်အမျိုးအစားများကို စာရင်းကောက် ယူရမည်။ ပြည်ပသို့တင်ပို့မည့် သီးနှံတို့အတွက် မျိုးစေ့ အရည်အသွေးကောင်းကို စိုက်ပျိုးရန် တောင်သူများအား စည်းရုံးမည့် လုပ်ငန်းကို မြန်မာ့စိုက်ပျိုးရေး ကုန်ထုတ်လုပ်ငန်း သမဝါယမ (MAPC)ကဆောင်ရွက်ရန်ဖြစ်သည်။

မြန်မာသည် ဆန်စပါးဖူလုံသော နိုင်ငံဖြစ်သော်လည်း ဆန်ကိုဈေးကောင်းရရှိရေးအတွက် ဆန်အရည်အသွေးကို မြှင့်တင်လိုသည်။ ထို့ကြောင့် ပုဂ္ဂလိက ကဏ္ဍ၏ ပါဝင်မှုများမှာ အရေးကြီးသည်ဟု စဉ်းစားပြီး အစိုးရက ငွေရေးကြေးရေး အကူအညီများမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်ဆင့် ချေးငွေများ လယ်ထွန်စက်နှင့် စက်ကိရိယာများကို ပံ့ပိုးရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကလည်း မျိုးစေ့ကုမ္ပဏီများကို နိုင်ငံခြားသား တစ်ရာ ရာခိုင်နှုန်း ပိုင်ဆိုင်ခွင့်ပေးသည်။

## ၆။ ဖိရိုးဖလာစိုက်ပျိုးရေး အသိပညာများ၏ အခန်းကဏ္ဍ၊ ထိုအသိပညာများရပိုင်ခွင့်နှင့် အကျိုးအမြတ်ခွဲဝေခံစားခွင့်

မြန်မာနိုင်ငံအစိုးရသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ ကုန်သွယ်ရေးဆိုင်ရာ ဉာဏပစ္စည်း မူပိုင်ခွင့် စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာသောအားဖြင့် အပြည်ပြည်ဆိုင်ရာ အပင်မျိုးသစ်များကို အကာအကွယ်ပေးရေး သမဂ္ဂ(UPOV)သို့ ဝင်ရောက်ရန်အတွက် လက်ရှိ အပင်မျိုးသစ် အကာအကွယ် ပေးရေး ဥပဒေကို ပြန်လည်ပြင်ဆင်ပေးခဲ့သည်။ ထိုအဖွဲ့ဝင်ဖြစ်ရန် စည်းကမ်းချက်များတွင် “ထိရောက်သော Sui Generis စနစ်ဖြင့် (တရား ဥပဒေအရ အလိုအလျောက်ဆောင်ရွက်ခွင့်ရှိသော စနစ်)” အားဖြင့် အပင်မျိုးသစ်အဖုံဖုံကို အကာအကွယ်ပေးရန်ဟု ပြဋ္ဌာန်းထားသည်။ ထို (UPOV) ကောင်စီသည် မြန်မာနိုင်ငံက တင်သွင်းတိုင်ပင်လာသော အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေမူကြမ်းကို UPOV ပြဋ္ဌာန်းချက်များ ၁၉၉၁ နှင့် ညီညွတ်ခြင်းရှိမရှိ စစ်ဆေးပေးခဲ့ပြီးဖြစ်သည်။

အကယ်၍ မြန်မာသည် UPOV ၏ စည်းကမ်းချက်များအတိုင်း ၎င်းတို့အကြံပြုချက်များဖြင့် ဥပဒေမူကြမ်းကို ပြဋ္ဌာန်းခဲ့သည်ဖြစ်ရာ ယခုဥပဒေအရ အပင်မျိုးသစ်များတွင် ထူးခြားဆန်းသစ်ခြင်း မဖြစ်မနေပါရှိကြရမည်။ UPOV ၁၉၉၁၏ အလိုအရ အပင်မျိုး မျိုးပွားထားသော အပင်ကိုသာမက၊ ရိပ်သိမ်းထားသည့် အစိတ်အပိုင်းများကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ရန်အလို့ငှာ သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ၏ ဥပဒေတွင် ဖော်ပြထားသော သတ်မှတ်ထားသည့် ကာလမတိုင်မီ မျိုးပွားခြင်း၊ ပျိုးပင်ကို နေရာပြောင်းစိုက်ခြင်းတို့ကို ပြုလုပ်ခဲ့လျှင် ထိုမျိုးစေ့မှာ ဥပဒေအရ အကာအကွယ်ရတော့မည် မဟုတ်ပေ။ ထို့ပြင် UPOV ၁၉၉၁ အရ (မျိုးပွားခြင်း သို့မဟုတ် သတ်မှတ်သည့် အချိန်ထက်စောပြီး စီးပွားရေးအလို့ငှာအသုံးချခြင်း အစရှိသည့်နည်းများဖြင့် ) စီးပွားဖြစ် စိုက်ပျိုးခြင်းသာမက အခြားနည်းဖြင့် နေရာသစ်ပြောင်းခြင်း (ဥပမာ - လယ်သမားများ အချင်းချင်း မျိုးစေ့လဲလှယ်ခြင်း)များ ရှိခဲ့လျှင် ရရှိထားသော အပင်မျိုးသစ် အကာအကွယ်ရနိုင်သည့် အခွင့်အရေး ရုပ်သိမ်းခံရမည်ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၀-၃၅ နှစ် ကာလအတွင်းတွင်မူ မျိုးစေ့စီမံခန့်ခွဲသောစနစ်၌ လယ်သမားတို့၏ အခန်းကဏ္ဍတွင် အပြောင်းအလဲများရှိလာကြောင်းကို သတိပြုခဲ့မိကြသည်။ မိရိုးဖလာ ရှေးအစဉ် အဆက် ထိန်းသိမ်းလာသော မျိုးစေ့စောင့်ရှောက်ရေး အသိပညာများ ပျောက်ပျက် လျော့ပါးလာကြခြင်းက ဒေသမျိုးများ စုံလင်ကွဲပြားမှုလည်း ထိခိုက်စေသည့် အကြောင်း တစ်ရပ် ဖြစ်သည်။

မျိုးစေ့ဆိုင်ရာ အမျိုးသား မူဝါဒ၂၀၁၆ ၌ လယ်သမားတို့၏ ရပိုင်ခွင့်ကို ဉာဏပစ္စည်းမူပိုင်ခွင့် အခန်းတွင် ထည့်သွင်းဆွေးနွေးထားသည်။ သို့ရာတွင် လယ်သမားတို့၏ ရပိုင်ခွင့်မှာ လယ်သမားဖြစ်သည့် အလိုအလျောက် မျိုးစေ့ကို စောင့်ရှောက်သူဖြစ်လာသည့်အတွက် ရအပ်သော အခွင့်အရေးဟု ဆိုလိုခြင်းသာဖြစ်သည်။ လယ်သမားတို့၏ အခွင့်အရေးကို အပင်မွေးမြူသူတို့၏ အခွင့်အရေးများ မနစ်နာအောင် ချိန်စက်ကာ ထိန်းညှိ ခံစား ခွင့်ရစေမည်ဟု ပြဋ္ဌာန်းထားသည်။ ယခုအချိန်အထိ အကျိုးအမြတ်ကို အကျိုးအမြတ်ကို ခံစားခွင့်ရခြင်း၊ ခွဲဝေခြင်း အပါအဝင် တောင်သူ လယ်သမား လယ်သမားတို့၏ အခွင့်အရေးဟူ၍ တရားဥပဒေပေါ်ထွက်လာခြင်း မရှိသေးသောကြောင့် ထိုအပင် မွေးမြူသူတို့၏ အခွင့်အရေးနှင့် တောင်သူလယ်သမား လယ်သမားတို့၏ အခွင့်အရေးနှစ်ခုကြား မှုခြေဖန်တီးရာတွင် နှစ်ဘက် မည်သို့ ခွဲဝေယူနိုင်ကြမည်ဟူသော အချက်များမှာ မရှင်းလင်းသေးပါ။

သို့ရာတွင် “လယ်သမားများအနေနှင့် မိမိတို့ လယ်ယာမြေမှ ထွက်သော မျိုးစေ့ကို သုံးစွဲခြင်း၊ ဖလှယ်ခြင်း၊ ဝေမျှပေးခြင်း၊ ရောင်းချခြင်းများကို အတားအဆီးမရှိ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ တောင်သူ လယ်သမားများသည် အခြားတပါးသူတို့က မှတ်ပုံတင်ထားသော မျိုးစေ့များကို စီးပွားဖြစ် ရောင်းချခြင်းမရှိသရွေ့ ၎င်းတို့၏ မျိုးစေ့ကိစ္စများ မဖြစ်မနေ လုပ်ငန်းမှတ်ပုံတင်ရသည့် စနစ်မှ

ကင်းလွတ်ခွင့်ရလျက် စိတ်ကြိုက် မျိုးစေ့များအား စိုက်ပျိုးခွင့် ရရှိစေရမည်။” ဟု လက်ရှိမူဝါဒက မည်သို့ပင် ပြဋ္ဌာန်းစေကာမူ UPOV စာချုပ်သို့ မြန်မာနိုင်ငံဝင်ရောက်သည်နှင့် တစ်ပြိုင်နက် ထိုအချက်မှာ ပျက်ပြယ်သွားတော့မည်ဖြစ်သည်။

မျိုးစေ့မူဝါဒသည် အပင်မျိုးဗီဇအရင်းအမြစ်များနှင့် ပတ်သက်သော မိရိုးဖလာ တိုင်းရင်း အသိပညာများ၊ ပိုင်ဆိုင်ခွင့်များ၊ တောင်သူလယ်သမားလယ်သမားများကို အကျိုးအမြတ်ခွဲပေးရန် ကိစ္စများနှင့် ပတ်သက်ပြီး လုံလောက်အောင် မပြဋ္ဌာန်းထားပါ။ ထိုမိရိုးဖလာဌာနေတိုင်းရင်း အပင်မျိုးများနှင့်တကွ အသိပညာများကို တောင်သူလယ်သမားများ ရရှိနိုင်ရန်နှင့် ဒေသခံ မဟုတ်သူများက စီးပွားရေး အကျိုးအလို့ငှာ အသုံးပြုခြင်းမှ အကျိုးကျေးဇူးများ ရရှိလာပါက ဒေသခံများ၊ ဌာနေ တိုင်းရင်းသားများအား မည်သို့ ခွဲဝေခံစားခွင့် ပေးမည်ဆိုသော အချက်များနှင့် ကိစ္စများအား အကာကွယ်မပေးထားပါ။

ထို့ပြင် မျိုးစေ့မူဝါဒသည် တောင်သူလယ်သမား လယ်သမားများကို အပင်မျိုးသစ် ရွေးချယ်စမ်းသပ်ရာတွင် အစမ်းစိုက်ပျိုးပေးသူများအဖြစ် ပါဝင်ခွင့်ပေးခြင်း၊ အပင်မျိုးသစ်အရည်အသွေး အကဲဖြတ်ခြင်းတွင်သာ တောင်သူလယ်သမား လယ်သမားများကို အသုံးချခြင်းတို့ ရှိမည်ဖြစ်ရာ အများပူးပေါင်းပါဝင်နိုင်သော အပင်မျိုးသစ် မွေးမြူခြင်းမျိုးမဟုတ်သဖြင့် တောင်သူလယ်သမား လယ်သမား၏ အစဉ်အလာ မျိုးစေ့ထုတ်လုပ်ပုံစနစ်ကို ကန့်သတ်လိုက် သကဲ့သို့ဖြစ်သည်။ ယခုမူအရဆိုလျှင် တောင်သူလယ်သမားလယ်သမားများပါဝင်သော မျိုးစေ့ ထုတ်လုပ်သူ အဖွဲ့အစည်းများကို မြို့နယ်တိုင်းတွင် ဖွဲ့စည်းရန်ပါဂင်သော်လည်း ထိုအစည်းအရုံးများသည် ကုမ္ပဏီနှင့်ပူးပေါင်းကာ အကျိုးအမြတ်ခွဲဝေယူသော စိုက်ပျိုးရေးစနစ် (Contract Farming)ဖြင့် မှတ်ပုံတင်လက်မှတ်ရ မျိုးပွားမျိုးစေ့များကို ဈေးကွက်တွင် ကျယ်ပြန့်လာအောင် ဆောင်ရွက်ပေးရမည့် အဖွဲ့များသာ ဖြစ်လာကြမည်။

အပင်မိဘမျိုးလိုင်းများ အမျိုးစုံလင်စွာ ဆက်လက် တည်ရှိနေအောင် လယ်သမားများ ကျေးဇူးပြု နေပုံများကို မြန်မာနိုင်ငံမျိုးစေ့ ဥပဒေ ၂၀၁၅ ပြင်ဆင်ချက်များတွင်လည်း အသိအမှတ် မပြုပါ။ လယ်သမားများ၏ မိဘမျိုးလိုင်းများကိုလည်း ယူငင်သုံးစွဲခဲ့လျှင် ကုမ္ပဏီတို့အနေနှင့် ထုတ်ဖော်ကြေညာ ရမည်ဟုလည်း မပြဋ္ဌာန်းထားရာ အပင်မွေးမြူသူ တောင်သူလယ်သမား လယ်သမားများကို အသိအမှတ်ပြုခြင်း၊ ရပိုင်ခွင့်အခွင့်အရေးများ အကာအကွယ် မရှိနေပါဟုသာ ဆိုရပါမည်။

အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ ၂၀၁၆တွင် အပင်မွေးမြူသူ (Plant Breeders) ကို အဓိပ္ပါယ် သတ်မှတ်ထားပုံက ဘေးထွက်ဆိုးကျိုးမကင်းဘဲ တောင်သူလယ်သမားများ၏ မိရိုးဖလာဌာနေ တိုင်းရင်း မျိုးစေ့များမှ မျိုးဗီဇ ခိုးယူလုယက်ခံရခြင်းများ ဖြစ်လာနိုင်သည့် အနေအထားကို ထည့်မတွက်ထားပါ။ ဖြစ်လာနိုင်သည့် အကျိုးဆက်များ အနက်တစ်ခုမှာ မူလကတည်းကရှိနေသော အပင်မျိုးတစ်ခုကို မှတ်ပုံတင်လိုသူက အပင်မျိုးသစ် ရှာဖွေတွေ့ရှိပါသည်ဟု ကြေညာလိုက်ရုံမျှဖြင့် ဥပဒေအရ အပင်မွေးမြူသူတို့အား အပ်နှင်းထားသော အခွင့်အရေးများ ရရှိလာမည်ဖြစ်သည်။

ဒုတိယဖြစ်နိုင်ခြေမှာ လယ်သမားတို့၏ မိရိုးဖလာမျိုးစေ့များ ဌာနေတိုင်းရင်း မျိုးစေ့များနှင့် ဒေသိယမျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား "မြန်မာနိုင်ငံ အတွင်းတွင် (၁) နှစ်ထက်စော၍ သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် (၄) နှစ်ထက်စော၍ သော်လည်းကောင်း ...စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံး ပြုမှုများအတွက် ရောင်းချခြင်း" မရှိသေးသည့်အတွက်ကြောင့် အပင်မျိုးသစ်ဟု ယူဆကာ အသိအမှတ်ပြုလက်မှတ် လျှောက်နိုင်ခြင်းပင် ဖြစ်သည်။ ထို့ပြင် အပင်မျိုးသစ်များအား ဥပဒေအရ အကာအကွယ်ပေးခြင်းများကို ဤနည်းဖြင့် ဆောင်ရွက်ထားသော်လည်း မိရိုးဖလာ၊ ဌာနေတိုင်းရင်း မျိုးစေ့များဘက်ကိုမူ အကာအကွယ် မပေးထားပါ။

မြန်မာနိုင်ငံ၏ မူပိုင်ခွင့်ဥပဒေအရ ဇီဝနည်းပညာဖြင့် မျိုးစေ့လုပ်ငန်းတွင်ပေါ်ထွက်လာသော တီထွင်မှုများကို တီထွင်မှု မူပိုင်ခွင့် ပေးမပေးဆက်လက်စောင့်ကြည့်ရပေမည်။ ထိုကဲ့သို့သော ဥပဒေများအား မြန်မာနိုင်ငံမှ လုပ်ကွက်ငယ်လယ်သမား အကျိုးကိုကာကွယ်နိုင်အောင် ဖော်ထုတ် ဆွေးနွေးကြရာတွင် တောင်သူလယ်သမားတို့အနေနှင့် ပြည့်ပြည့်ဝဝပါဝင်နိုင်ခွင့် ရှိသင့်သည်။

## မျိုးစေ့သိမ်းဆည်းခွင့်၊ သုံးစွဲခွင့်၊ ဖလှယ်ခွင့်နှင့် ရောင်းချခွင့်

လယ်သမားတို့သည် မျိုးစေ့များကို အကြောင်း အမျိုးမျိုးကြောင့် စုဆောင်း၊ စိုက်ပျိုး၊ ဖလှယ်၊ ရောင်းချကြကြောင်းတွေ့ရသည်။ ဥပမာ - အရသာကို မြည်းစမ်းရန်၊ ဘာသာရေးပွဲလမ်းများတွင် အသုံးပြုရန်၊ လက်ဆောင်ပေးရန်၊ ပွဲတော်များအတွက် သိမ်းထားရန်နှင့် အခြားရိုးရာ ထုံးတမ်းများကိုဆောင်ရွက်ရာတွင် မျိုးစေ့ကိုသုံးရန် အစရှိသည်ဖြင့် အကြောင်းအမျိုးမျိုးရှိသည်။ အကယ်၍ တောင်သူလယ်သမားတို့ လက်ဝယ်တွင် လိုအပ်သောအချိန် မျိုးစေ့ရှိမနေလျှင် အခြားလုပ်ဖော်ကိုင်ဖက် လယ်သမားများ မျိုးစေ့ မျှဝေကာ ကူညီလေ့ရှိကြသည်။

UPOV ၁၉၉၁ သို့ မြန်မာက ဝင်ရောက်သောကာလတွင်မူ လက်ရှိအပင်မျိုးသစ် ကာကွယ်ခွင့် ဥပဒေ ၂၀၁၆ အရ မြန်မာလယ်သမားများ ရရှိထားသော အထက်ဆိုခဲ့ပါ အခွင့်အရေးများ အပေါ်တွင် ကြီးစွာ အကျိုးသက်ရောက်မှု ရှိမည်ဖြစ်သည်။ လက်ရှိတွင် လယ်သမားတစ်ဦးချင်းက မျိုးစေ့ကို စိုက်ပျိုးခြင်းနှင့် အခြားပုံစံဖြင့်အသုံးချခြင်းများကို ပုဂ္ဂလိက ဆောင်ရွက်နိုင်ပြီး စီးပွားဖြစ် မလုပ်ကိုင်နိုင်ပေ။ UPOV ၁၉၉၁သို့ မြန်မာကဝင်ရောက်လိုက်လျှင်မူ မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများအား ကင်းလွတ်ခွင့်အဖြစ် ခံစားခွင့် ပေးထားသော တောင်သူလယ်သမား အချင်းချင်း မျိုးစေ့ဖလှယ်နိုင်သည့်ကိစ္စများကို ရုပ်သိမ်းပေးရပါမည်။ ထိုအခါ လယ်သမားတို့ ခံစားလိုက ခံစားခွင့်ရသော ကင်းလွတ်ခွင့်မှာ မိမိလယ်ယာစိုက်ခင်းမှ ရိပ်သိမ်းချိန်တွင်ရရှိသော မျိုးစေ့ကို ဆင့်ပွားမျိုးပွားခြင်းတစ်မျိုးတည်းနှင့်သာ အကျုံးဝင်ပါသည်။

လယ်သမားတို့ရနိုင်သည့် ခံစားခွင့်မှာ အပင်မျိုးသစ်မွေးမြူသူတို့၏ ရပိုင်ခွင့် အကျိုးစီးပွားကို မနစ်နာစေဘဲ ပေးအပ်နိုင်သည့် အတိုင်းအတာဘောင်အတွင်းမှသာ ခံစားခွင့်ရနိုင်မည်ဟုဆိုထားသည်။ တစ်ဖက်တွင်မူ အပင်မွေးမြူသူ၏ အခွင့်အရေးကိုမူ ကနဦးမျိုးမှ နည်းပညာဖြင့် ဆင့်ပွားထားသော အပင်မျိုးများကိုပင် အကာအကွယ် ပေးထားသည်။

UPOV သည် အပင်မွေးမြူသူတို့အတွက် ဉာဏပစ္စည်းမူပိုင်ခွင့်ကို အသိအမှတ်ပြုသည့် နိုင်ငံတကာ အဖွဲ့အစည်း တစ်ခုဖြစ်သည်။ ပထမဆုံး UPOV စာချုပ်ကို ၁၉၆၁ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၇၂ နှင့် ၁၉၇၈၊ ၁၉၉၁ ခုနှစ်တို့တွင် ပြင်ဆင်ခဲ့သည်။ UPOV ၁၉၉၁ စာချုပ်မှာ ၁၉၇၈ မှ ထက်များစွာ တင်းကျပ်သည်။ အကြောင်းမှာ -

(၁) ၁၉၉၁ UPOV စာချုပ်အရ တောင်သူများ၏ အခွင့်အရေးမှာ မျိုးစေ့ကို စုဆောင်းခြင်း၊ ဖလှယ်ခြင်းမျှလောက်သာ ဆောင်ရွက်နိုင် တော့မည်ဖြစ်သည်။

(၂) အပင်မွေးမြူသူတို့၏ အခွင့်အရေးများကို မျိုးစိတ်မျိုးဗီဇပုံစံအားလုံးအတွက် ကာကွယ်ပေးသည်။ ပုဒ်မ ၃(က)(ခ) နှင့် ၃ (၂) (ခ) တို့အရ

(၃) အပင်မွေးမြူသူတို့၏ လုပ်ပိုင်ခွင့်မှာ UPOV/1991 အရ ထုတ်လုပ်ခြင်း၊ ထပ်ဆင့်မျိုးပွားခြင်းနှင့် ရိပ်သိမ်းခြင်းတို့အထိကိုပင် အထူးအခွင့်အရေးပေးထားသည်

(၄) UPOV ၁၉၉၁ အရ ဆင့်ပွားအပင်မွေးမြူခြင်းကို တားမြစ်ထားသည်။

မြန်မာနိုင်ငံသည် UPOV သို့ဝင်ရောက်ရန် ပြင်ဆင်နေရခြင်း အကြောင်းရင်းတစ်ခုမှာ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့်လည်း ဖြစ်သည်။ WTO အဖွဲ့ကြီး၏ ကုန်သွယ်ရေးဆိုင်ရာ ဉာဏပစ္စည်းမူပိုင်ခွင့် စာချုပ် (WTO-TRIPS) အရ အနုဇီဝပစ္စည်းများ မဟုတ်သော အပင်နှင့် တိရိစ္ဆာန်များကို မူပိုင်ခွင့်မှတ်ပုံတင်ခြင်းခွင့်မပြုပေ။ အထူးသဖြင့် အပင်များနှင့် တိရိစ္ဆာန်များကို

ထုတ်လုပ်သော ဇီဝဖြစ်စဉ်များကို မူပိုင်ခွင့်မပေးဘဲ ဇီဝဖြစ်စဉ်မဟုတ်သော ကိစ္စများ၊ အနုဇီဝဖြစ်စဉ်များကိုသာလျှင် မူပိုင်ခွင့်ရရှိနိုင်သည်။

သို့ရာတွင် WTO အဖွဲ့ဝင်နိုင်ငံများ၌ အပင်မျိုးများကို တီထွင်ဖန်တီးမှုဆိုင်ရာ မှတ်ပုံတင်ခြင်းဖြင့်လည်းကောင်း၊ Sui genesis (မည်သည့်မျိုးစိတ်နှင့်မျှ မရောဘဲ သီးသန့်ဖြစ်တည်မှု) စနစ်အရလည်းကောင်း သို့မဟုတ် ထိုနှစ်မျိုးစလုံး ပေါင်းစပ်၍ သော်လည်းကောင်း အပင်များကို တီထွင်မှု မူပိုင်ခွင့်ထုတ်ပေးသည်။

TRIPS ၏ ပြဋ္ဌာန်းချက်များတွင် အပင်မျိုးများ အကာအကွယ်ပေးရေးအတွက် Sui-Generis စနစ်ကို ရှင်းလင်းထားပြီးဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအနေနှင့် UPOV ကို မဖြစ်မနေ ဝင်ရောက်ရန်လိုအပ်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပါ။ လက်ရှိမြန်မာနိုင်ငံ၏ အပင်မျိုးသစ်အကာအကွယ် ပေးရေးဥပဒေသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ TRIPS စာချုပ်ပါ အချက်များနှင့် ကိုက်ညီအောင်လိုက်နာထားပြီးသား ဖြစ်ပါသည်။

UPOV ကိုဝင်ရောက်ခြင်း အားဖြင့် ရလာမည့်အကျိုးဆက်မှာ အပင်မျိုးသစ်များအား အကာအကွယ်ပေးရန်အတွက် တင်းကြပ်လှသော UPOV ၁၉၉၁ ကိုလိုက်နာရတော့မည်ဖြစ်သည်။ မြန်မာနိုင်ငံသည် တောင်သူတို့၏ အခွင့်အရေးကို အကာအကွယ်ပေးရန် (ITPGRFA) စာချုပ်နှင့် ဇီဝမျိုးစုံမျိုးကွဲကာကွယ်ရေးစာချုပ် (CBD) စာချုပ်တို့ကို အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားပါသည်။ သို့ဖြစ်ရာ အပင်မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေမှာ ထိုစာချုပ်အဖွဲ့ဝင်နိုင်ငံ အနေနှင့် စည်းကမ်းချက်များနှင့် လိုက်နာရမည် ညီညွတ်ရန်လိုပါသည်။

စားနပ်ရိက္ခာလုံခြုံရေးအတွက် စိုက်ပျိုးရေးကို အမှီပြုနေရသည့် နိုင်ငံများတွင် သီးနှံအမျိုးအစားပေါ်တွင်လိုက်၍ အကာအကွယ်ပေးသည့် စံချိန်စံညွှန်း စည်းမျဉ်းစည်းကမ်းကို ခွဲခြားသတ်မှတ်ရန် လိုအပ်ပါသည်။ စီးပွားရေးဈေးကွက်တွင် ရောင်းပြီး ပြည်ပပို့သော သီးနှံနှင့် ရိက္ခာသီးနှံ UPOV ၁၉၉၁ သည် အထက်တွင် ဆိုခဲ့သည့်အတိုင်း မျိုးဗီဇအားလုံးကို အကာအကွယ်ပေးသည်ဆိုသော်လည်း အားလုံးကို တပြေးညီကာကွယ် ပေးခြင်းဟု အဓိပ္ပာယ်ရသည်။ ထို့ပြင် အပင်မျိုးသစ် အကာအကွယ်ပေးရေး လုပ်ထုံးလုပ်နည်းနှင့် ဥပဒေများက ထူးခြားသည့် လက္ခဏာရှိသော၊ ညီညွတ်စွာလက္ခဏာများပေါ်သော၊ တည်ငြိမ်သော (Distinctness, Uniformity & Stability-DUS ) စံချိန်စံညွှန်းများ ပြည့်မီမှသာ အကာအကွယ်ရမည်ဖြစ်သည်။

တောင်သူတို့၏ မျိုးစေ့များမှာ ထို DUS စံချိန်စံညွှန်များကို ပြည့်မီကြရန်မလွယ်ရာ ၎င်းတို့အဖို့ အကာအကွယ်ရနိုင်ရန် မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။ ထို့ပြင် တောင်သူများ၏ မျိုးစေ့များကို ယူချင်သလိုယူကာ ပြုပြင်ပြီးအခြားသူတို့က အသစ်ပြန်လည်မှတ်ပုံတင် သွားနိုင်သော အရေးကလည်း ရှိနေပြန်သည်။ ထိုသို့ပြုလုပ်လျှင်လည်း အပင်မျိုးသစ်ကာကွယ်ရေး ဥပဒေများက အပင်တစ်ခု၏ မျိုးဗီဇမူရင်းကို ဖွင့်ချပြရန် တောင်းဆိုထားခြင်းမရှိရာ တောင်သူမျိုးစေ့များပါသွားနိုင်သည့် အန္တရာယ်ရှိပါသည်။

အပင်မျိုးသစ်ကာကွယ်ရေး UPOV စာချုပ်သည် biopiracy ဇီဝမူပိုင်ခွင့် ခိုးယူသည့် လုပ်ရပ်များကို ကာကွယ်နိုင်သည့် အစီအမံမပါရှိပေ။ UPOV ဈေးကွက်ဝင်စီးပွားဖြစ် အပင် မွေးမြူသူများ၏ အကျိုးကို ဦးစားပေးရန် ရည်သန်သည့်စာချုပ်ဖြစ်သောကြောင့် ဖြစ်သည်။ လက်ရှိမူဝါဒများသည် ဇဟို၏ထိန်းချုပ်မှုဖြင့် ကောက်ပဲသီးနှံမျိုးများ မွေးမြူကြခြင်းနှင့် တပြေးတည်း တညီတညာဖြစ်စေသော သဘာဝဝန်းကျင်ကို ဖန်တီးမိလျက်သားဖြစ်ခြင်း၊ စိုက်ပျိုးဂေဟစနစ်ဆိုင်ရာ သုတေသနများကို အားမပေးဘဲ ချည့်နဲ့စေခြင်း၊ ဒေသရေမြေအခြေအနေနှင့် လိုက်လျောညီထွေဖြစ်သော အပင်မျိုးများ မွေးမြူခြင်းကို ကန့်သတ်နေခြင်းဖြစ်စေကြောင်း စိုက်ပျိုးရေး ကဏ္ဍကျွမ်းကျင်သူများက သိမြင်နေကြပါသည်။

မြန်မာနိုင်ငံ၏အပင်မျိုးသစ်ကာကွယ်ရေးဥပဒေမူကြမ်းသည် UPOV စာချုပ်၏ ၁၉၉၁ အက်ဥပဒေပါ အချက်များနှင့် ကိုက်ညီမှုရှိသည်ဟု UPOV ကောင်စီက ဆုံးဖြတ်ကြောင်း ၂၀၁၇ အောက်တိုဘာတွင် ကြေညာလိုက်သည်။ သို့ဖြစ်ရာ ၁၉၉၁ အက်ဥပဒေကို အသက်သွင်းနိုင်ရန် လမ်းစပျိုးခဲ့ပြီ ဖြစ်လေသည်။

## ၇။ အဆုံးအဖြတ်များပြုလုပ်ရာတွင် ပါဝင်နိုင်မှုအခွင့်အရေး

မျိုးစေ့မူဝါဒနှင့် ပတ်သက်၍ အရပ်ဘက်လူအဖွဲ့အစည်းများစွာက အစိုးရထံချဉ်းကပ် အကြံပြုခြင်းများ ရှိခဲ့ကြသည်။ သို့ရာတွင် အရပ်ဘက်အဖွဲ့အစည်း အနည်းငယ်ကသာ မျိုးစေ့ အရည်အသွေး စစ်ဆေးခြင်း အသိအမှတ်ပြုလက်မှတ်ကိစ္စကို သတိထားမိကြသည်။ မည်သည့် အဖွဲ့အစည်းကမျှ အပင်မျိုးများကို အကာအကွယ်ပေးရေးနှင့် မူပိုင်ခွင့်ရရှိရေး၊ ဇီဝနည်းပညာကိစ္စများ အရေး (မျိုးရိုးဗီဇပြုပြင်ထားသော သီးနှံများ-GMO စသည်ဖြင့်)၊ နိုင်ငံတကာ အပင်မျိုးရိုးဗီဇအရင်းအမြစ် စာချုပ်အရ တောင်သူ လယ်သမားများ ရပိုင်ခွင့်နှင့် လူ့အခွင့်အရေးကို တွန်းတွန်းတိုက်တိုက် အရေးမဆိုခဲ့ကြပါ။ အရပ်ဘက် အဖွဲ့အစည်းများအနေနှင့် အစိုးရသို့ ချဉ်းကပ်အကြံပေးခြင်း နည်းအသွယ်သွယ်ကို သုံးနိုင်ခဲ့ကြ ကြောင်းကိုလည်း သိရသည်။ ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် မူဝါဒရေးရာဘက်၌ ပို၍အကြံပြု နိုင်ကြောင်း၊ ပိုမိုပွင့်လင်း မြင်သာလာပြီး အရပ်ဘက် ပါဝင်ဆောင်ရွက်နိုင်မှု ပိုများလာကြောင်း၊ သို့ရာတွင်

အခက်အခဲများလည်း ရှိနေသေးကြောင်း ဆက်သွယ်မေးမြန်းခဲ့သော အရပ်ဘက်လူ့အဖွဲ့အစည်းများထံမှ သိရသည်။

မြန်မာနိုင်ငံ မျိုးစေ့မူဝါဒ ၂၀၁၆ ကိုရေးဆွဲချိန်တွင် တောင်သူလယ်သမားတို့၏ အသံများ လုံးဝမပါဝင်ခဲ့ပါ။ ထို့ပြင် တစ်နိုင်ငံလုံးနှင့် အကျုံးဝင်မည့် အဆုံးအဖြတ်များတွင် တောင်သူ လယ်သမားများက ပါဝင်နိုင်သည့် အခင်းအကျင်းကိုလည်း မဖန်တီးပေးခဲ့ကြပါ။ မြန်မာနိုင်ငံ မျိုးစေ့ ကော်မတီတွင် တောင်သူလယ်သမားများအား အဖွဲ့ဝင်အဖြစ် ထည့်စဉ်းစားရန်၊ ၎င်းတို့၏ ပါဝင်နိုင်ခွင့်ကို ထည့်သွင်းစဉ်းစားထားခြင်းမရှိပါ။ ထို့အတူ မြန်မာနိုင်ငံ မျိုးစေ့ဥပဒေတွင်လည်း တောင်သူ လယ်သမားများနှင့် ပတ်သက်၍ တိတိပပဖော်ပြထားခြင်း မရှိပါ။ တောင်သူလယ်သမားများသည် နိုင်ငံလုံးဆိုင်ရာ မျိုးစေ့ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ထိုက်ကြောင်း ထောက်ပြကြရပေမည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒ ၂၀၁၆၏ အများပါဝင်နိုင်သော အပင်မျိုးများ မွေးမြူခြင်းတွင် တောင်သူလယ်သမားများသည် အပင်မွေးမြူခြင်း နောက်ဆုံးအဆင့်တွင်သာ ပါဝင်နိုင်ကြမည်ဖြစ်သည်။ တောင်သူလယ်သမားများ ပါဝင်နိုင်သည့်မှာ အပင်မျိုးများကို အကဲဖြတ်ခြင်းနှင့် နေရာသစ်တွင် ရေမြေရာသီဥတုနှင့် အလိုက်သင့် ရှင်သန်နိုင်မှုကို ဆန်းစစ်ခြင်းအဆင့်တွင် ဖြစ်သည်။ တကယ်စစ်မှန်သော အများပါဝင်မှုရှိသည် အပင်မျိုးသစ် မွေးမြူခြင်းအဆင့်ဆင့်တွင် တောင်သူ လယ်သမားများတို့အနေနှင့် မည်သည့်အပင်မျိုးသစ်များကို မွေးမြူမည်ဟု ဦးတည်ချက်ကို ချမှတ်ချိန်မှ အစပြု၍ မိဘမျိုးရင်းကိုရွေးချယ်မှုအလယ် အပင်မျိုးအုပ်စုများခွဲခြားခြင်း အထိ ပါဝင်နိုင်ရမည်ဖြစ်သည်။

အပင်မျိုးသစ် အကာအကွယ်ပေးရေးဥပဒေ ၂၀၁၆ အရ ဗဟိုကော်မတီ၌ လယ်သမားတို့ ပါဝင်နိုင်မှုကို လုံးဝဖော်ပြမထားပါ။ UPOV ၁၉၉၁ တွင်လည်း လယ်သမားတို့ ပါဝင်လုပ်ကိုင် ဆုံးဖြတ်မှုကို တိတိပပ ထုတ်ဖော်ရေးသားထားခြင်း မရှိပေ။ လယ်သမားများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ကြားတွင် UPOV ၁၉၉၁ သို့ဝင်ရောက်ရန် အစိုးရက ဆုံးဖြတ်လိုက်ခြင်း ကိစ္စကို မသိရှိကြသည့် အကြောင်းရင်းမှာလည်း အစိုးရအနေနှင့် တောင်သူလယ်သမားများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခဲ့ခြင်း၊ မရှိသောကြောင့်ပင်ဖြစ်သည်။ အလားတူပင် ဥပဒေကြမ်းရေးဆွဲနေချိန်ကပင် ဗဟိုကော်မတီတွင် တောင်သူလယ်သမားတို့အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်မှုကို ထည့်သွင်းခဲ့ခြင်း မရှိပေ။
လယ်သမားများသည် မျိုးစေ့ကဏ္ဍ လမ်းပြမြေပုံရေးဆွဲသောအချိန်တွင်လည်း မည်သို့မျှ မပါဝင်နိုင်ခဲ့ကြပါ။ ထိုလမ်းပြမြေပုံရေးဆွဲစဉ် က တိုင်ပင်ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သူ ကိုယ်စားလှယ်များ စာရင်းတွင် အရေးကြီးသော ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် နိုင်ငံတကာ အဖွဲ့အစည်းကြီးများဟူ၍ ဖော်ပြခဲ့သည်။ ထိုလမ်းပြမြေပုံသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး မျိုးစေ့နှင့်

ဓါတုစိုက်ပျိုးရေး ကုမ္ပဏီတစ်ခုဖြစ်သော Syngenta Foundation for Sustainable Agriculture (SFSA) အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများက ထောက်ခံသော (သို့မဟုတ်) တာဝန်ပေးသောသူများက ရေးသားသည့် မူဝါဒရေးရာ စာအုပ်စာတမ်းများနှင့် လေ့လာချက်များအပေါ် မူတည်ကာ ရေးသားခဲ့ခြင်းဖြစ်သည်။ ထို့ပြင် တောင်သူလယ်သမားများအား မျိုးစေ့ကို ပြန့်ပွားအောင် စိုက်ပျိုးပေးသူများ အဖြစ်သာ ရှုမြင်ပြီး လယ်သမားတို့၏ ရပိုင်ခွင့်ကို အဆိုပြုနိုင်သော တောင်သူလယ်သမားသမဂ္ဂကဲ့သို့ အစည်းအရုံး မျိုးကို ဖွဲ့စည်းခွင့်ပေးခဲ့ခြင်း မရှိပါ။

## ၈။ ဇီဝလုံခြုံရေး

တောင်သူလယ်သမားများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများကြားတွင် ဇီဝလုံခြုံရေးနှင့် ပတ်သက်ပြီး အသိအမြင် နည်းပါးလှသည်။ အစိုးရ၊ အသိပညာ အတတ်ပညာရှင် အသိုင်းအဝိုင်းနှင့် မျိုးစေ့လုပ်ငန်းရှင်များ ကိုယ်တိုင်က သတိထား ကိုင်တွယ်နေသည့်သဘောရှိသည်။ ဇီဝလုံခြုံရေးဆိုင်ရာ နည်းပညာများကို အစားအသောက် မဟုတ်သော ကဏ္ဍများတွင်သာ ခွင့်ပြုထားသည်။ ရေဆင်း စိုက်ပျိုးရေး တက္ကသိုလ် (YAU) တွင် မော်လီကျူး ဇီဝဗေဒ ဘာသာရပ် ပေါ်ထွက်လာသော်လည်း အစပိုင်းသာရှိသေးသည်ဟု ခေါ်ရမည့် အဆင့်ဖြစ်သည်။

မြန်မာနိုင်ငံ မျိုးစေ့မူဝါဒ ၂၀၁၆က အစားအသောက်မဟုတ်သော လုပ်ငန်းများတွင် မျိုးရိုးဗီဇ ပြုပြင်ထားသော ဒြပ်ပစ္စည်းပစ္စည်းများကို ခွင့်မပြုပေ။ ယနေ့အချိန်ထိ လေ့လာ ကြည့်ရသလောက် ဝါဂွမ်း တစ်မျိုးတည်းသာလျှင် ဇီဝလုံခြုံရေးစစ်ဆေးပြီး လုပ်ကိုင်ခွင့်ကို ရရှိသေးသည်။ အခြားသော အပင်အမျိုးအစားများအတွက်မူ သတိထားပြီး ကန့်သတ်ထားဆဲဖြစ်သည်။ သို့ရာတွင် ဇီဝလုံခြုံရေး အန္တရာယ်ကို အကဲဖြတ်နိုင်ရန် နှင့် မြင်တွေ့လျှင် သိရှိခွဲခြား နိုင်ရန်အတွက် လိုအပ်သော စွမ်းဆောင်ရည် မြှင့်တင်မှုအစီအစဉ်များကို မျိုးစေ့မူဝါဒတွင် ထည့်သွင်းထားခြင်း မရှိပေ။ မြန်မာနိုင်ငံမျိုးစေ့ ဥပဒေ၂၀၁၅၏ မျိုးစေ့မှတ်ပုံတင်ခွင့်ရရန် တတိယစည်းကမ်းချက်၌ သဘာဝ ပတ်ဝန်းကျင်နှင့် ဇီဝလုံခြုံရေးကို မထိခိုက်မှသာ ခွင့်ပြုမည်ဟုဆိုထားရာ ထိုရှုထောင့်မှကြည့်လျှင် အပင်မျိုးသစ် တစ်ခုကို အသိအမှတ်ပြုပေးရာတွင် ဇီဝလုံခြုံရေးနှင့် ချိတ်ဆက်စဉ်းစားကြောင်း တွေ့ရသည်။

## ၉။ ရေရှည်ခံဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့် လူ့အခွင့်အရေး

### ရေရှည်ခံဖွံ့ဖြိုးရေး ရည်မှန်းချက်# ၂ - ငတ်မွတ်ခေါင်းပါးမှုကို ပပျောက်အောင်ဆောင်ရွက်ရန်

ကွင်းဆင်း သုတေသန တွေ့ရှိချက်များအရ တောင်သူလယ်သမားတို့ စိုက်ပျိုးသည့် မျိုးစေ့များကို ရွေးချယ်ရာတွင် စားသုံးမှုနှင့် အာဟာရရရှိမှုရှုထောင့်မှ စဉ်းစားရွေးချယ်ကြပြီး မျိုးစေ့များကို

စီမံခန့်ခွဲရာတွင်လည်း ထိုအချက်များပေါ်တွင်သာ မူတည်စဉ်းစားသည်။ မျိုးစေ့များ ပျောက်ကွယ်လာခြင်းနှင့် မစုံလင်မကြွယ်ဝနိုင်တော့ခြင်းက လူများ အာဟာရ ပိုနည်းလာပြီး ငတ်မွတ်လာသည့် အကြောင်းတရားများဖြစ်သည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒ ၂၀၁၆သည် နိုင်ငံအတွင်း အစာရေစာငတ်မွတ်မှုကို ပပျောက်အောင် လုပ်ရန် ရည်မှန်းချက်ကို သိသာထင်ရှားစွာ ဖော်ပြထားခြင်း မရှိသော်လည်း ရိက္ခာဖူလုံရေးကမူ ထိုမူဝါဒ၏ အဓိကကျသော ရည်မှန်းချက်ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအတွက် မည်သည့် သီးနှံများ ဦးစားပေး စိုက်ပျိုးမည်ဟု ရွေးချယ်ရာတွင် အာဟာရရှုထောင့်ကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြသည်။

သို့ရာတွင် လုပ်ကွက်ငယ် တောင်သူလယ်သမားများ ဖြစ်ကြသည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးသူများ၊ ဌာနေတိုင်းရင်းသားများ၊ အမျိုးသမီးများအစရှိသော ရိက္ခာ ထုတ်လုပ်သူများ ရင်ဆိုင်ရသော အခက်အခဲများနှင့် ၎င်းတို့အား အရင်းအမြစ်များ မညီမျှစွာပေးထားသော အခြေအနေများကို မျိုးစေ့ဆိုင်ရာ အမျိုးသားမူဝါဒ ထည့်သွင်းဆွေးနွေးခြင်း မရှိခဲ့ပေ။ သို့ဖြစ်ရာ လက်ရှိလူနေမှုစနစ်ထဲမှ မညီမျှမှုများကို တစ်နည်းအားဖြင့် ပိုဆိုးလာအောင် ဖိအားပေး နေသကဲ့သို့ဖြစ်သည်။

ထို့ပြင် တောင်သူလယ်သမားများ မူလသဘာဝအတိုင်းဖြစ်စေ၊ လယ်ယာထဲတွင် စိုက်ပျိုးခြင်း အားဖြင့်ဖြစ်စေ in Situ နည်းဖြင့် မျိုးစေ့များ မျိုးရိုးဗီဇစုံလင်ကြွယ်ဝမှုကို ထိန်းနိုင်သည်ကို လည်းကောင်း ထိုအရင်းအမြစ်များ ထိန်းသိမ်း နိုင်ရေးတွင် လုပ်အားပါဝင်နိုင်သော အားနည်းထိခိုက် လွယ်သည့် အုပ်စုများ၏ ဘဝကိုပါ မြှင့်သွားနိုင်ကြောင်းကို လည်းကောင်း ထည့်သွင်းဆွေးနွေးထားခြင်းမရှိပါ။ မြန်မာနိုင်ငံ၏ ဗီဇစုံလင်ကြွယ်ဝမှု အရင်းအမြစ်များကို အသုံးပြုခွင့်၊ ထိုအပင်မျိုးဗီဇများနှင့် ဆက်နွယ်နေသော မိရိုးဖလာအသိပညာများကို အသုံးချရမှ ရရှိလာသော အကျိုးအမြတ်များအား သာနာညီမျှစွာ ခွဲဝေခံစားခွင့်အစရှိသည့် ကိစ္စများတွင်မည်သို့ ရင်ဆိုင် ဖြေရှင်းမည်ကို အဆင်သင့် ဖြစ်အောင် ပြင်ဆင်ထားခြင်းမရှိပါ။

မြန်မာနိုင်ငံ မျိုးစေ့ဥပဒေ ၂၀၁၅ ပါ အပင်မျိုးသစ်များ ရေမြေရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မဖြစ် စစ်ဆေးရန်ချမှတ်ထားသော စံချိန်သုံးခု၏ ဖွင့်ဆိုရာတွင်လည်း ရေရှည်ဖွံ့ဖြိုးရေးနှင့် လူ့အခွင့်အရေး ရှုထောင့်များကို လည်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ၁၀။ စားနပ်ရိက္ခာရပိုင်ခွင့် အခွင့်အရေး

မြန်မာနိုင်ငံမျိုးစေ့ မူဝါဒ ၂၀၁၆ တွင် ရိက္ခာဖူလုံမှုကို အခြေခံထားသော်လည်း မည်သည့်လူမျိုး၊ ဂျန်ဒါ၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုမဆို၊ မည်သည့်အနေအထားမှ လူသားမဆို လူ့အခွင့်အရေးကို ခံစားပိုင်ခွင့်ရှိရမည်ဟူသော အရေးကြီးလှသည့် ရှုထောင့်ကို ထည့်သွင်းခဲ့ခြင်းမရှိပါ။

**ဆန်အိုးမှသည် စားဖွယ်စုံခြင်းတောင်းဆီသို့ - မြန်မာနိုင်ငံစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ကဏ္ဍ ခေတ်မီတိုးတက်မှုအတွက် မဏ္ဍိုင်သုံးရပ်** ဟူသော မူဝါဒစာတမ်း အပါအဝင် အဆိုပါ ဥပဒေများနှင့် မူဝါဒများသည် ရာသီဥတုပြောင်းလဲခြင်းအပါအဝင် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှု၏ အကျိုးဆက်များကို ထည့်သွင်း စဉ်းစားထားပြီး တောင်သူလယ်သမားတို့ ရင်ဆိုင်နေရသော လက်ရှိဒုက္ခတွင်း သံသရာထက်ပိုနက်သောနေရာသို့ ထိုအခြေအနေများက တွန်းပို့နေပုံကို အသိအမှတ်ပြုသည်။ ထို့ပြင် မြန်မာအစိုးရသည် WTO-TRIPS စည်းကမ်းများကို မဖောက်ဘဲ သင့်သလို ဆောင်ရွက်နိုင်သည့် ကိစ္စများထဲမှ Sui Generis စနစ်ကို သုံးနိုင်သည့်အချက်ကိုလည်းကောင်း UPOV ကိုဝင်လျှင် ဖြစ်လာနိုင်သည့် လူ့အခွင့်အရေးသက်ရောက်မှု ဆန်းစစ်ချက်များကို ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဘောင်ထဲတွင် ရှိနေသည့် အခွင့်အရေးကို လက်လွတ်မခံဘဲ မိမိတို့ တောင်သူလယ်သမားများကို အကာအကွယ်ပေးနိုင်ပါသည်။

## ၁၁။ အမျိုးသမီးအခွင့်အရေး

ကွင်းဆင်းသုတေသနမှ တွေ့ရှိချက်များအရ အမျိုးသမီးတို့သည် မျိုးစေ့များစီမံခန့်ခွဲရာတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်သည်ကို တွေ့ရသည်။ သို့ရာတွင် လွန်ခဲ့သောနှစ်ပေါင်း ၃၀-၃၅ နှစ်အတွင်း သက်မွေးဝမ်းကျောင်း ပုံစံများပြောင်းလဲလာခြင်းက အမျိုးသမီးတို့၏ ဘဝနေမှုကိုလည်း ရိုက်ခတ်ခဲ့သည်။ မြန်မာနိုင်ငံမျိုးစေ့မူဝါဒ ၂၀၁၆သည် နိုင်ငံ၏ ဝိသေသအားဖြင့် ထူးခြားသော၊ အမျိုးသမီးတို့နှင့် သက်ဆိုင်သောအရေးကိစ္စများကို ဖြေရှင်းရန်တို့ကို မဆွေးနွေးထားပါ။ အမှန်စစ်စစ်တွင် မျိုးစေ့မူဝါဒသည် ၂၀၁၃-၂၀၂၂ မြန်မာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ စီမံကိန်းနှင့် ရှေ့သွားနောက်လိုက်ညီရန်လိုပေသည်။

## ၁၂။ ဌာနေတိုင်းရင်းသားနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး

ဌာနေတိုင်းရင်းအသိပညာများက မြန်မာနိုင်ငံရှိ အပင်မျိုးရိုးဗီဇဆိုင်ရာ အရင်းအမြစ်များကို ရာစုနှစ်ပေါင်းများစွာ စောင့်ရှောက်ခဲ့ကြသည်။ သို့ရာတွင် ယခုအခါဒေသမျိုးအရင်းအမြစ်များနေရာတွင် နိုင်ငံခြားမှ တိုက်ရိုက်တင်သွင်းလာသော အပင်မျိုးများက ဝင်ရောက်နေရာယူလာကြသည်။

ကွင်းဆင်းသုတေသနတွေ့ရှိချက်များအရ တိုင်းရင်းသားဒေသများသည်ပင် ကုန်သည်များထံမှ မျိုးစေ့များ ဝယ်ယူနေကြသည်ကို တွေ့ရသည်။ ထိုသို့မှီခိုနေရခြင်းက ဒေသတွင်း အပင်မျိုးများ စုံလင်ကြွယ်ဝမှု ယိုယွင်းလာသည်ကို ပြသလျှက်ရှိသည်။ ထို့အတူပင် ဈေးကွက်ထဲမှ မျိုးစေ့ဝယ် ယူသော စနစ်သစ်ကြောင့် ဌာနေတိုင်းရင်းသား အသိပညာများမှာလည်း ရွေ့လျားပြောင်းလဲလာရသည်ကို တွေ့နေရသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများ စုံလင်ကွဲပြားခြင်းကလည်း မျိုးစေ့ကိစ္စများနှင့် ပတ်သက်၍ တိုင်းရင်းသားဒေသများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ ချိတ်ဆက် ဆောင်ရွက်ပုံနည်းလမ်းများ အသွယ်သွယ်ဖြစ်နေရသည့် အကြောင်းတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ ၂၀၁၅ သည် ကုလသမဂ္ဂ၏ ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေညာစာတမ်းပါ ရပိုင်ခွင့်များကို ထင်ဟပ်ခြင်းမရှိပေ။ အထူးသဖြင့် ရိုးရာအစဉ် အလာ အသိပညာများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားတို့၏ ရပိုင်ခွင့်များကို တိတိပပဖွင့်ဆိုထားခြင်းမရှိပေ။ အထူးသဖြင့် ဌာနေတိုင်းရင်းသားတို့၏ မျိုးရိုးဗီဇ အရင်းအမြစ်များနှင့် မျိုးစေ့များနှင့် ပတ်သက်၍ ရှင်းလင်းထားခြင်းမရှိပါ။ သို့ရာတွင် ဤဥပဒေပါ ရေးရိုးရာ အမွေများကို ထိန်းသိမ်းခွင့်ဟူသော အခွင့်အရေးများထဲတွင် သိမ်းကျုံး၍ တပါတည်း စဉ်းစားထားပြီး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့နည်းတူပင် မြန်မာနိုင်ငံမျိုးစေ့မူဝါဒ ၂၀၁၆ က မြန်မာနိုင်ငံက အထူးရင်ဆိုင်နေရသော အခက်အခဲများကိုလည်းကောင်း၊ မျိုးစေ့များစီမံခန့်ခွဲရာတွင် တိုင်းရင်းသားများနှင့် ဌာနေလူမျိုးများ ပါဝင်ဆောင်ရွက်နိုင်ပုံကိုလည်းကောင်း ထည့်သွင်း စဉ်းစားခဲ့ခြင်း မရှိပါ။

## ၁၃။ ရာသီဥတုပြောင်းလဲလာမှုအတွက် မျိုးစေ့ ကဏ္ဍတွင် ပြင်ဆင်စရာများ

ပါရီသဘောတူညီချက် ၂၀၁၅ သည် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ မူဘောင် သဘောတူစာချုပ် (UNFCCC) အောက်က ပထမဆုံးပေါ်ထွက်လာသည့် သဘောတူစာချုပ်တစ်ရပ်ဖြစ်ပြီး လူ့အခွင့်အရေး ရှုထောင့်မှ ခိုင်ခိုင်မာမာရပ်တည်ခဲ့သော စာချုပ်လည်းဖြစ်သည်။ မြန်မာနိုင်ငံက အကောင်အထည်ဖော်ရန် ဆုံးဖြတ်ထားသော အချက်များ (NDC) သည် ထိုပါရီသဘောတူညီချက်နှင့် ညီညွတ်အောင် ရေးဆွဲထားခြင်းဖြစ်သည်။ ဖော်ပြပါဆုံးဖြတ်ထားသော လုပ်ငန်းများတွင် တက္ကသိုလ်များ၊ သုတေသနအဖွဲ့များနှင့် တစ်နိုင်ငံလုံးမှ ရပ်ရွာဒေသခံများကို ပါဝင်ကာ မြန်မာနိုင်ငံအတွင်းရှိသော သီးနှံအမျိုးအစားများကို သုတေသနပြုနေကြသည်ဟု ပါရှိသည်။

ကွင်းဆင်းသုတေသနများမှ တွေ့ရှိချက်များအရ ရာသီဥတုပြောင်းလဲခြင်းသည် တောင်သူလယ်သမားတို့ ရပ်ရွာများ၌ စိုက်ပျိုးရေးလုပ်ငန်းများအပေါ် အကြီးအကျယ် အကျိုးသက်ရောက်မှု ရှိနေသည်။ ထိုသက်ရောက်မှု များတွင် မြေဆီလွှာ အရည်အသွေးကျဆင်းလာခြင်း၊ ကောက်ပဲသီးနှံများပျက်ခြင်း၊ မိုးလေဝသမမှန်ခြင်း၊ အပူချိန်မြင့် တက်လာခြင်း၊ စိုက်ပျိုးချိန်များ ပြောင်းလဲလာခြင်း၊ ပိုးမွှားကျရောက်ခြင်း၊ ရာသီမဟုတ်မိုးရွာခြင်းများ ပါဝင်သည်။ သို့ရာတွင် လယ်သမားတို့တွင် စိုက်ပျိုးချိန်ကျရောက်၍ မျိုးစေ့လိုအပ်နေလျှင် ၎င်းတို့ကို ကူညီသည်မှာ ဘဝတူ တောင်သူလယ်သမား များပင် ဖြစ်သည်။

အရပ်ဘက်အဖွဲ့အစည်းများသည် ၎င်းတို့လုပ်ငန်းများဝင်ရောက်နေသော နယ်မြေများတွင် ရာသီဥတု ပြောင်းလဲမှုနှင့် အလိုက်သင့်ထိန်းညှိရှင်သန်ရေး သင်တန်းများပေးနေကြပါသည်။ ထိုအဖွဲ့အစည်း အချို့၏ လက်ရှိရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းများတွင် မျိုးစေ့စီမံခန့်ခွဲမှုကိုပါ ထည့်သွင်းရန် စီစဉ် နေကြသည်။ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်ကလည်း မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းဒဏ်ကို ခံနိုင်သော အပင်မျိုးများကို ဖော်ထုတ်ရန်စီစဉ် လျှက်ရှိသည်။

လယ်သမားများအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ (၂၀၁၃) ပါအချက်များအရ လယ်သမားတို့သည် သဘာဝကပ်ဘေးဒဏ်ခံရသောအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI) မှ အကူအညီကိုတောင်းခံနိုင်သည်။ သဘာဝဘေးအန္တရာယ် စီမံရေး၊ အမျိုးသား ကော်မတီကို စိုက်ပျိုးရေး ပြန်လည်နေရာချထားရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးထားသည်။

မြန်မာနိုင်ငံမျိုးစေ့ ဥပဒေ ၂၀၁၆နှင့် လမ်းပြမြေပုံတွင် သဘာဝဘေးအန္တရာယ်ကြုံလျှင် အဆင်သင့် ဖြေရှင်းနိုင်ရန် မြန်မာနိုင်ငံမျိုးစေ့အရံအင်အားစုကို တည်ထောင်ရန်ပါရှိသည်။ မြန်မာနိုင်ငံ မျိုးစေ့အင်အားစုသည် လူထုကိုအခြေပြုသည့် လုပ်ငန်းဖြစ်သင့်ပြီး ဒေသတွင်းနှင့် ဌာနေ တိုင်းရင်း မျိုးစေ့များ လယ်သမားများစိုက်လိုသည့် မျိုးစေ့များကို သိမ်းထားနိုင်သည့် ဘဏ်သဖွယ် ဖြစ်သင့်ပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ကဲ့သို့ အထောက်အပံ့ အကြီးအကျယ်လိုအပ်သောအချိန်တွင် လယ်သမား အချင်းချင်းကြား မျိုးစေ့ လက်ပြောင်းလက်လွှဲအချိန်တိုအတွင်း ပြုလုပ်ပြီး အကူအညီ ရနိုင်သည့် စနစ်ကိုလည်း ဆက်လက်ပံ့ပိုးပေးသင့်ပါသည်။

စိုက်ပျိုးရေးမူဝါဒ ၂၀၁၆သည် ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ရန် ဇီဝမျိုးကွဲစုံလင်မှု ယုတ်လျော့လာသည့် အခြေအနေကို ကိုင်တွယ်မည်ဟု ရည်ရွယ်ထားသည် တောင်သူလယ်သမားတို့

ကိုယ်တိုင် စုဆောင်းနိုင်သော စီမံခန့်ခွဲနိုင်သော မျိုးစေ့စနစ်များကို အားပေးကူညီခြင်း ကသာ အကောင်းဆုံး နည်းလမ်းဖြစ်ပေသည်။ အကယ်၍အစိုးရ၏ အစီအစဉ်အတိုင်း အကောင်အထည်ဖော်ခဲ့လျှင် လယ်သမားတို့လယ်မှ ကိုယ်တိုင်စုဆောင်းသော မျိုးစေ့များသည် နောက်ဆုံးတွင် စည်းမျဉ်းခံစနစ်ထဲသို့ သွတ်သွင်းခြင်းခံရပြီး ၎င်းတို့ကို သူတပါးက အစိုက်ခိုင်းသော မျိုးစေ့ကိုသာ ကြိုက်ကြိုက်မကြိုက်ကြိုက် စိုက်ကြရတော့မည်။ လယ်သမားတို့ ကိုယ်တိုင်စီမံခန့်ခွဲသော မျိုးစေ့စနစ်ရှိရန်မှာ အရေးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော် လက်ရှိမြန်မာပြည်၏ ရေမြေဒေသ ရာသီဥတုနှင့် ကိုက်ညီသော မျိုးများမှာ လယ်သမားများလက်ထဲတွင် အဆင်သင့် အလယ်တကူ ရနိုင်သောကြောင့် ဖြစ်သည်။

ဤနည်းတူပင် တောင်သူတို့စုဆောင်းသော စီမံထုတ်လုပ်သော မျိုးစေ့စနစ်မှာ ကွင်းထဲတွင် ချစိုက်ပြီး မျိုးစေ့ကို သဘာဝအတိုင်းထိန်းသော in situ စနစ်ဖြင့် ရှင်သန်စေခြင်းဖြစ်ရာ ဇီဝမျိုးစုံမျိုးကွဲများကို ထားပေးပြီး ဇီဝပဒေသာကို ဆက်လက်ဖန်တီးပေးနေသည်။

ထို့ပြင် မျိုးစေ့ကုမ္ပဏီများကို နိုင်ငံခြားသားများ ၁၀၀ ရာခိုင်နှုန်းပိုင်ဆိုင်ခွင့်ပေးခြင်းမှာ တိုင်းပြည်၏ မျိုးစေ့ကဏ္ဍကို စီမံနိုင်သည့် စွမ်းရည်များစွာ နိမ့်ကျနေချိန်တွင် အန္တရာယ်များလှသည်။ လက်ရှိမူဝါဒအတိုင်းသွားလျှင် နောက်ဆုံးတွင် မြန်မာနိုင်ငံမျိုးစေ့ ကဏ္ဍတစ်ခုလုံးကို နိုင်ငံခြားကုမ္ပဏီများက လက်ဝါးကြီးအုပ်သွားနိုင်သည့် အခြေအနေသို့ ရောက်ပါမည်။

ထိုအခြေအနေနှစ်ရပ်လုံးသည် မျိုးစေ့များ တညီတညာတည်း ဒီပုပ်ထဲကဒီပဲဖြစ်စေသော အစီအမံဖြစ်ရာ မျိုးစေ့တို့၏ ဇီဝရင်းမြစ်အဖုံဖုံကြွယ်ဝစုံလင်ပုံကို ယုတ်လျော့စေနိုင်ပါသည်။ နောက်ဆုံးတွင် မျိုးစေ့အစုံအလင် မရှိတော့ဘဲ ရိက္ခာဖူလုံရေးကို ခြိမ်းခြောက်နိုင်သည့် အန္တရာယ်ဖြစ်ပါသည်။ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေး ဆိုင်ရာမျိုးဗီဇ အရင်းအမြစ်များသည် သီးနှံများ မျိုးဗီဇအရည်အသွေးကောင်းမွန်လာစေသော လုပ်ငန်းများအတွက် ကုန်ကြမ်းများ ဖြစ်ကြပါသည်။ မျိုးဗီဇအရင်းအမြစ်များ ကြွယ်ဝခြင်းကြောင့် အထွက်နှုန်းတိုးအောင် လုပ်နိုင်သလို ပိုးမွှားနှင့် ရောဂါကျရောက်ခြင်းကြောင့်ဖြစ်သော ပြဿနာများကိုလည်း လျော့ပါးအောင် ဆောင်ရွက်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် ရိက္ခာကဏ္ဍကို ခေတ်မီဖွံ့ဖြိုးစေခြင်း လုပ်ငန်းစီမံချက် ၂၀၁၆ ကို သုံးသပ်ရလျှင် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်းနှင့်လိုက်လျောညီထွေ ထိန်းညှိနေထိုင်ရန်နှင့် ဆိုးကျိုးများကို လျှော့ချရန် ချမှတ်ထားသော အစီအမံများ၌ ၂၀၁၅ ပါရီသဘောတူညီချက်က ကတိကဝတ်ပြုထားသော လူ့အခွင့်အရေး ရှုထောင့်မှာ မပါဝင် သလောက်ပင်ဖြစ်သည်။

## ၁၄။ တောင်သူတို့အတွက် မျိုးစေ့ဘဏ်

မြန်မာလယ်သမားတို့အနေနှင့် လက်ရှိ မြန်မာနိုင်ငံမျိုးစေ့ဘဏ်နှင့် ချိတ်ဆက်နိုင်သည့် လမ်းကြောင်းလည်း မရှိပါ။ တောင်သူလယ်သမား လယ်သမားတို့သည် မျိုးစေ့ဘဏ်အကြောင်းကို မသိနေကြသလို မျိုးစေ့ဘဏ်ဘက်ကလည်း နမူနာမျိုးစေ့သိမ်းလျှင် ပမာဏနည်းနည်းသာ သိမ်းထားနိုင်ခြင်း၊ အဖိုးတန်မျိုးများကို ထိန်းပေးနိုင်သည့် မျိုးထိန်းတောင်သူလယ်သမားများကို ဘဏ်အနေနှင့် ချိတ်ဆက်မထားနိုင်ခြင်းတို့ ရှိနေကြသည်။

မျိုးစေ့ဘဏ်တွင်ရှိသော မျိုးစေ့မှာလည်း တစ်မျိုးလျှင် အနည်းငယ်မျှသာ စုဆောင်းထားသည်။ မျိုးစေ့ဘဏ်တွင်ရှိသော အပင်မျိုးများသည် နောင်တွင် လိုအပ်သလို အသုံးပြုနိုင်ရန်နှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားရန် ရည်ရွယ်သော်လည်း ရံဖန်ရံခါတွင်သာ လယ်သမားတို့ မျိုးစေ့ကို ပြန်လည်ဖော်ထုတ် စိုက်ပျိုးနိုင်ရန်နှင့် ရွေးချယ်နိုင်စေရန် မျိုးစေ့ဘဏ်က ပြန်ထုတ်ပေးတတ်သည်။ သို့ရာတွင် လယ်ယာထဲတွင် လက်ရှိစိုက်ပျိုးပြီး သဘာဝအတိုင်း ထိန်းသိမ်းသော in situ စနစ်တို့အတွက် စီမံချက်မရှိသေးဟု ဆိုသည်။

သုတေသီနှင့် ကျောင်းသားများ အနေနှင့် မျိုးစေ့ဘဏ်ကို လာရောက်လေ့လာနိုင်သည်ဟု ဆိုသည်။ သို့ရာတွင် လယ်သမားတို့ကမူ မျိုးစေ့ ဘဏ်အကြောင်းကို မသိရှိသလို သုတေသနအတွက်ပင် မလာရောက်နိုင်ကြပေ။ မျိုးစေ့ကုမ္ပဏီများသည် မျိုးစေ့ဘဏ်သို့ သုတေသန အလို့ငှာ လာရောက်ကြလေ့ရှိသည်။ သို့ဖြစ်ရာ လယ်သမားက အပင်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လျှင်လည်း မျိုးစေ့ဘဏ်သို့ လာရောက်ခွင့်ရသင့်ပေသည်။

## ၁၅။ အကြံပြုချက်များ

က။ မျိုးစေ့ဥပဒေများနှင့် မူဝါဒချမှတ်ရာတွင် တောင်သူလယ်သမားများကောင်းစွာပါဝင်နိုင်သည့် အခွင့်အရေးကို ပေးရန် လိုအပ်သလို ဥပဒေမူဝါဒများကြောင့် ဖြစ်လာနိုင်သောအကျိုးဆက်များကို တောင်သူ လယ်သမားများအား ကောင်းစွာ အသိပေးသင့်ပါသည်။ ထို့ပြင် တောင်သူလယ်သမားများမှာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ၊ ဇဟိုကော်မတီနှင့် အခြားမူဝါဒရေးဆွဲသောအဖွဲ့အစည်းများတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်နိုင်ရမည်ဖြစ်သည်။ အပင်မွေးမြူခြင်းလုပ်ငန်းများ အဆင့်ဆင့်တွင်လည်း

တောင်သူလယ်သမားများ ပါဝင်ရန်နေရာရှိရပါမည်။ တောင်သူလယ်သမားများသည် အစိုးရက စိုက်စေလိုသော မျိုးစေ့များကိုပြန့်ပွားရုံသာ ဆောင်ရွက်ခွင့်ရှိသူများ မဟုတ်ဘဲ ၎င်းတို့၏ အခွင့်အရေးအတွက် အရေးဆိုနိုင်ခွင့် ရှိနေစေရန် အားပေးကူညီရပါမည်။

ခ။ စားနပ်ရိက္ခာထုတ်လုပ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍတွင် အပင်မျိုးဗီဇ အရင်းအမြစ်များ စည်ပင်ဖွံ့ဖြိုးရေး၊ မပျောက်ပျက်အောင် ထိန်းသိမ်းရေးအတွက် လယ်သမားတို့သည် ယခင်သကဲ့သို့ ဆက်လက်အရေးပါနိုင်စေရန် ထည့်သွင်းစဉ်းစားသင့်လှပေသည်။ ထိုသို့ဆောင်ရွက်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အရည်အသွေးကို ထိန်းသိမ်းခြင်းအပါအဝင် မျိုးစေ့ထိန်းသိမ်းသော မိရိုးဖလာအစဉ် အလာများကို အားပေးကြရေး၊ ၎င်းတို့လက်ဝယ်တွင် မျိုးစေ့အရံများ ရှိနိုင်စေရေး၊ မျိုးစေ့ကိုစိုက်ပျိုး၊ ဖလှယ်၊ရောင်းချနိုင်သည့် လုပ်နည်းလုပ်ဟန်များ ဆက်လက်ရှင်သန်နိုင်ရန် အားပေးခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ပါသည်။

ဂ။ UPOV သို့ ဝင်ရောက်ရန် မဆုံးဖြတ်မီ တောင်သူလယ်သမားတို့ မျိုးစေ့များကို စုဆောင်း၊ အသုံးချ၊ ဖလှယ်၊ ရောင်းချခွင့်ကို ဆက်လက်ကာကွယ်ပေးသွားနိုင်ရန် လူ့အခွင့်အရေးရှုထောင့်မှ ဆန်းစစ်ချက်များ ဆောင်ရွက်သင့် ပါသည်။

ဃ။ လယ်သမားတို့၏ ရပိုင်ခွင့်၊ မျိုးစေ့ရရှိခွင့်နှင့် အကျိုးအမြတ်ခွဲဝေခံစားခွင့်တို့ကို စိတ်ချရစေသည့် ဥပဒေနှင့် မူဝါဒများ မြန်မာနိုင်ငံတွင်ရှိနေရန် လိုပါသည်။

င။ မျိုးရိုးဗီဇပြုပြင်ထားသောအပင်မျိုးများ (GMO) ကို သိရှိဖော်ထုတ်နိုင်ရေး၊ ၎င်းတို့ကြောင့် ဖြစ်လာနိုင်သော အန္တရာယ်ကို တွက်ဆနိုင်ရန် လိုအပ်သော နည်းပညာတတ်ကျွမ်းမှုရအောင် ဆောင်ရွက်ထားရန်လိုပါသည်။

စ။ အမျိုးသမီးများ၊ တိုင်းရင်းသားအစုအဖွဲ့များ (သို့မဟုတ်) ဌာနေ တိုင်းရင်းသားများ ၊ဒေသခံများ အပါအဝင် လုပ်ကွက်ငယ် တောင်သူလယ်သမားများကိုယ်တိုင် မျိုးစေ့များကို လက်ဝယ်ပိုင်ပိုင် စီမံနိုင်သည့် စနစ်ကို အားပေးရန်၊ ထိလွယ်ခိုက်လွယ်ပြီး ခံနိုင်ရည်နည်းသော ၎င်းတို့၏ အခြေအနေများကို ကူညီဖြေရှင်းရန် လိုအပ်ပါသည်။

ဆ။ အလွန်ကြမ်းတမ်းသော ရာသီဥတုဖြစ်စဉ်များနှင့် တဖြည်းဖြည်း သိသာလာသော ရာသီဥတု ဆိုးကျိုးများကို တုံ့ပြန်နိုင်ရန် မြန်မာနိုင်ငံမျိုးစေ့ အရံအင်အားဘဏ် ပေါ်လာရေးအပါအဝင် ရာသီဥတု

ပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရေးတို့ဆောင်ရွက်စဉ် လူ့အခွင့်အရေး အခြေပြု လမ်းစဉ်ကို ကျင့်သုံးကြရန် လိုပါသည်။